ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ သောကြာနေ့၊ (19-6-2015) (၈၂၃၆)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိ (၁၉)ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

စာမျက်နှာ - ၈



ဇွန် ၁၅ ရက်က ရွာသွန်းသောမိုးကြောင့် ရန်ကုန်မြို့ တာမွေအဝိုင်းထိပ်တွင် ဤသို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည်။

# ရန်ကုန်မြို့၏ ရေကြီးရေလျှံမှုပြဿနာ ပူးပေါင်းအဖြေရှာ

**ရန်ကုန် ဇွန် ၁၈**

များမကြာမီနှစ်များအတွင်း ကမ္ဘာ့မြို့ပြများနည်းတူ ခေတ်မီ Mega City ဖြစ်လာတော့မည့် ရန်ကုန်မြို့၏ အကြောင်းကို တွေးမိတိုင်း "ရန်ကုန်အမြင်၊ ရန်ကုန်အတွေး" ဟူသည့် ဆောင်းပါးအက်ဆေးစာအုပ်ကို မောင်ချစ်ဖေ အကြိမ်ကြိမ်ပြန်လည်ဖတ်ရှုမိသည်။

နေပြည်တော် ရွှေမြို့တော်ကြီးသို့ အစိုးရရုံးများ စတင်ပြောင်းရွှေ့ခဲ့စဉ်က ဗွေဆော်ဦး လူစာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သူ မောင်ချစ်ဖေသည် ရထားပေါ်တွင်ဖတ်ရှုရန် ရန်ကုန်ဘူတာကြီးရှိ စာအုပ်ဆိုင်တွင် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ နေပြည်တော်သို့ စတင်ပြောင်းရွှေ့ချိန်တွင် ရန်ကုန်ကိုလွမ်းလှစိတ်ဖြင့် ခရီးလမ်း

သတင်းဆောင်းပါး - ခင်မောင်ထွေး
ဓာတ်ပုံ - ဇော်မင်းလတ်

တစ်လျှောက်လုံးဖတ်ရှုခဲ့ရာ ကနဦး ဖတ်ရှုစဉ်မှာပင် လက်က မချနိုင်ဖြစ်ခဲ့ရသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖**

## အရှေ့တောင်အာရှ စမတ်ဖုန်းဈေးကွက်၌ မြန်မာနိုင်ငံဈေးကွက် အကြီးဆုံးဖြစ်

**ရန်ကုန် ဇွန် ၁၈**

အရှေ့တောင်အာရှ စမတ်ဖုန်းဈေးကွက်တွင် Huawei မိုဘိုင်းဖုန်းမှာ မြန်မာနိုင်ငံ၌ ဈေးကွက်အကြီးမားဆုံးနှင့် ဈေးကွက်ဝေစုအများဆုံးဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့စမတ်ဖုန်းဈေးကွက်တွင် ဒုတိယလိုက်နေသော Huawei အနေဖြင့် ယခင်က တန်ဖိုးနည်းအသုံးဝင်သော စမတ်ဖုန်းများကို ထုတ်လုပ်ရောင်းချခဲ့ရာမှ ယခုအခါ အဆင့်မီစမတ်ဖုန်းများအဖြစ်သို့ ပြောင်းလဲထုတ်လုပ်လာခဲ့ပြီး အထူးသဖြင့် ကင်မရာအထူးကောင်းမွန်သောကမ္ဘာ့အဆင့်စမတ်ဖုန်းများနှင့် ရင်ပေါင်တန်းလာနိုင်သည့် ဖုန်းအမျိုးအစားများကို တန်ဖိုးသင့်တင့်စွာဖြင့် ထုတ်လုပ်လာခဲ့သည်ဟု သိရသည်။ Huawei မှဆင်းကတ်နှစ်ကတ်အသုံးပြုနိုင်သည့် နောက်ဆုံးပေါ်စမတ်ဖုန်း P8 အပါအဝင်အခြားနောက်ဆုံးပေါ် Device များအား အရှေ့တောင်အာရှနိုင်ငံများသို့ ပြီးခဲ့သည့်လက စတင်ဖြန့်ချိလိုက်သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

လူကြီးမင်းတို့၏ စက်ရုံ၊ အလုပ်ရုံ၏ ထုတ်ကုန်ပမာဏများတိုးမြင့်စေဖို့
KHIN MAUNG NYUNT TRADING CO., LTD. သို့ ဆက်သွယ်ကြပါစို့
❖ ခေလမှတ်စက်နှင့် ပတ်သက်သော စက်ချို့ယွင်းမှုများအား စမ်းသပ်အဖြေရှာခြင်း
❖ ကျွမ်းကျင်သော Engineer များမှ လုပ်ငန်းခွင်အရောက် ဝန်ဆောင်မှုပေးခြင်း
❖ လိုအပ်သောအရံပစ္စည်းများကို အချိန်တိုအတွင်း အာမခံဖြင့် တပ်ဆင်ပေးနိုင်ခြင်း
❖ နှစ်အလိုက်၊ လအလိုက် Maintenance Package များ ဝယ်ယူနိုင်ခြင်း


KMN
KHIN MAUNG NYUNT TRADING CO., LTD.
No.18, Pyidaungsu Road, (24) Ward, South Dagon Township, Yangon.
Tel : (95-1) 590227, 591306 Fax : (95-1) 590818

ကြေးမုံစာတည်းရှထောင့် **၁၉-၆-၂၀၁၅ (သောကြာနေ့)**

# ရာသီဥတုပြောင်းလဲမှု သတိပြု

ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးမှုအများဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံလည်းပါဝင်သည်ဟု ကမ္ဘာ့ရာသီဥတုအန္တရာယ်ရှိအညွှန်းကိန်းမှတ်တမ်းက ဆိုထားသည်။ ထိုမှတ်တမ်းမှာ ရာသီဥတုပြောင်းလဲမှုအခြေအနေများအပေါ် မူတည်၍ တွက်ချက်ထားခြင်းဖြစ်သည်။

၁၉၉၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ၁၉ နှစ်တာကာလအတွင်း ထိခိုက်ဆုံးရှုံးမှု အများဆုံး ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံသည် ဒုတိယနေရာတွင်ရှိသည်ဟု ဆိုထားသည်။ ထိုကဲ့သို့ အမြင့်ဆုံးဖြစ်ခဲ့ရသည်မှာ လူတစ်သိန်းကျော် သေဆုံးခဲ့သည့် ၂၀၀၈ ခုနှစ် မေလက အဖျက်စွမ်းအားကြီးမားသော နာဂစ်မုန်တိုင်းဒဏ်ကြောင့် အမြင့်ဆုံးသို့ရောက်ရှိခဲ့ခြင်း ဖြစ်နိုင်သည်။

သဘာဝဘေးအန္တရာယ်သည် ကမ္ဘာဦးကတည်းက လူသားတို့ဒေသများတွင် ရာသီအလိုက်မကြာခဏဖြစ်တတ်သည့် သဘာဝတရားဖြစ်သည်။ သဘာဝဘေးက လူသားတို့အား အနိုင်ယူခဲ့သည့် အကြိမ်လည်းရှိသလို သဘာဝဘေးကို တွန်းလှန်ကျော်လွှားနိုင်ခဲ့သည်လည်း ရှိသည်။ သဘာဝဘေးကို ကြုံတွေ့ဖူးသည့် လူသားများအဖို့ သဘာဝဘေးကို ကျော်လွှားရမည့် နည်းလမ်းများအား ထိုဘေးဒဏ်ကိုခံစားရင်းရရှိခဲ့ကြသည်။ သဘာဝတရားသည် လူသားတို့၏ မြင်ဆရာများဟုပင် ခေါ်ဆိုနိုင်သည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် အမြောက်အမြားဆုံးရှုံးပျက်စီးခဲ့ရသည်။ ထိုကဲ့သို့ ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့ရခြင်းကို ဆန်းစစ်ကြည့်ရာမှ ရရှိသည့် အဖြေတစ်ရပ်မှာ မြစ်ဝကျွန်းပေါ်ဒေသ၏ အသက်သွေးကြောဖြစ်သည့် ဒီရေတောများနည်းပါးရခြင်းသည် အဓိကအချက်ဖြစ်ကြောင်း တွေ့ရှိလာကြသည်။

ထိုဖြစ်စဉ်တွင် ဘိုကလေးဒေသမြစ်ဝရှိ မိန်းမလှကျွန်းတွင် ဒီရေတောများရှိသောကြောင့် ထိုဒေသရှိ လူ့အသက်ပေါင်းများစွာ အသက်ရှင်သန်ခွင့်ရခဲ့ကြသည်မှာ ထင်ရှားသည့် အထောက်အထားတစ်ရပ်ဖြစ်ခဲ့သည်။ ပြင်းထန်သော ဒီရေလှိုင်း၏အရှိန်ကို ဒီရေတောများက ကြံ့ကြံ့ခံပေးသလို မျောပါလာသော လူများအား ပင်လယ်အတွင်းသို့ ပါမသွားရန်လည်း ဒီရေတောများက ကာကွယ်ပေးခဲ့ကြသည်။ ထို့ကြောင့် ဒီရေတောများသည် ပင်လယ်ကမ်းခြေရှိ ပြည်သူများအတွက် ကျေးဇူးရှင်၊ ကယ်တင်ရှင်ဟု ခေါ်ဆိုနိုင်သည်။

နာဂစ်အလွန် ခုနစ်နှစ်တာကာလ၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ မုန်တိုင်းဒဏ်ကြောင့် ဖြစ်ခဲ့ရသည့် အကျည်းတန်အရုပ်ဆိုးမှုများ ပြန်လည်ကွယ်ပျောက်သလောက်ဖြစ်နေပါပြီ။ ဒေသအတော်များများတွင် သစ်လွင်သော ဖွံ့ဖြိုးမှုများနှင့်ဝေစည်နေပါပြီ။ ထိုနေရာတွင် မြစ်ဝကျွန်းပေါ်သားများအနေဖြင့်ကြုံလျှင် အားကိုးစရာ ဒီရေတောများရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ အစဉ်အမြဲဖွံ့ဖြိုးစေရမည်။

မြစ်ဝကျွန်းပေါ်ဒေသမှာ သစ်တောကြီးများ ပေါက်ရောက်ရာဒေသမဟုတ်ချေ။ မြစ်ဝကျွန်းပေါ်၏ အဓိကပေါက်ရောက်သောအပင်မှာ ဒီရေရောက်တောများဖြစ်သည်။ ဂေဟစနစ်ကို ထိန်းသိမ်းနိုင်သည့် သစ်တောသစ်ပင်များတွင် ဒီရေရောက်တောလည်းပါဝင်သည်။ ဒီရေရောက်တောများသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိများရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသည်။ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသအားလုံးအတွက် အားထားရာလည်းဖြစ်သည်။

ယခုအခါ ရုပ်ကြွင်းလောင်စာများ အလွန်အကျွံထုတ်လာမှု၊ သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုတို့ကြောင့် ကမ္ဘာကြီးမှာ တစ်နေ့တခြားပူနွေးလာသည်။ ရလဒ်မှာ ရာသီဥတုဖောက်ပြန်မှုနှင့်အတူ သဘာဝဘေးဒဏ်များ မိမိတို့တစ်နိုင်ငံတည်းသာမဟုတ် ကမ္ဘာအနှံ့တွင်ပိုမိုထူပြောလာသည်။ မမျှော်လင့်ဘဲကြုံတွေ့ခဲ့ရသော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ထိုအတွေ့အကြုံကို ရယူ၍ နောင်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးဒဏ်ကို ကျော်လွှားလွန်မြောက်နိုင်အောင် မိမိတို့ကြိုးပမ်းအားထုတ်နေကြသည်။

ထို့ကြောင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် အဓိကအရေးကြီးသော ဒီရေရောက်တောများအပါအဝင် သစ်တော၊ သစ်ပင်များကို နိုင်ငံသားတိုင်း ပြုစုပျိုးထောင်ကြရမည်။ အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်ကြမည်ဟု သန္နိဋ္ဌာန်ပြုကြရပါမည်။ ။

# မြန်မာဂြိုဟ်တုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၈**

မြန်မာဂြိုဟ်တုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ICT ကဏ္ဍမှ ဆက်သွယ်ရေးတစ်ခုတည်းမဟုတ်ဘဲ ကဏ္ဍတော်တော်များများတွင် ဂြိုဟ်တုနည်းပညာဖြင့် ချိတ်ဆက်အသုံးပြုနေကြပြီဖြစ်ပါကြောင်း၊ ဂြိုဟ်တုတစ်ခုကို ဝယ်ယူရုံဖြင့် မပြီးသေးဘဲ နည်းပညာပါလိုအပ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါကြောင်း၊ တစ်ချိန်တွင် မိမိကိုယ်တိုင် ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်နိုင်သည့်အဆင့်ထိ ရောက်ရှိစေရေးကို မျှော်မှန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခုလုပ်မည့်အစီအစဉ်မှာ လုပ်ငန်းများအား အဆင့်လိုက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် နိုင်ငံတော်အတွင်း ဂြိုဟ်တုသုံးစွဲနေသူများအားစုစည်း၍ ဂြိုဟ်တုတစ်လုံးတည်းအသုံးပြုကာ စုစည်းဆောင်ရွက်သွားနိုင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စင်ကာပူနိုင်ငံအခြေစိုက် SAT Consult Co., မှ Mr. Laurent Vallgnon နှင့် Mr.Stephone Chenard တို့က ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာဆိုင်ရာအသုံးပြုမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာ့ဂြိုဟ်တုဆိုင်ရာ ဆွေးနွေးပွဲလိုအပ်ချက်များကို ဖြည့်စွက်ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဇွန် ၁၈ ရက်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၃၀၀၀ | - | ၇၂၇၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၁၀၀၀ | - | ၇၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၅၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၀၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၅. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၇. ၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၈၄၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၅. ၈၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၂၆၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၄. ၈၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၂၇၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၃. ၄၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၂၆. ၈၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

## တရားရုံးနှင့် အချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေးသည် ဇွန် ၁၄ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီးနှင့်အတူ မင်္ဂလာဒုံမြို့နယ် တရားရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မင်္ဂလာဒုံမြို့မရဲတပ်ဖွဲ့ အချုပ်ခန်းသို့သွားရောက်၍ အချုပ်သားများအား ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၈ အရ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရန်နှင့် အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး စသည့် အခွင့်အရေးရရှိနိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုတင်အောင်ချို[၈/ပခက(နိုင်)၂၂၈၃၁၁]၏ Passport-No M-684904 စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၃၀၀၁၀၅၊ ၀၉-၂၃၀၀၆၇၃

"ပထမအဆင့် ရေးဖြေစာမေးပွဲအတွက် စနစ်တကျ သင်ပေးသည်"
POST ဝင်ခွင့် သင်တန်းများ
ဒုရဲအုပ်ဝင်ခွင့်၊ဗိုလ်လောင်းဝင်ခွင့်
၁၆၅ (ပထပ်) ဆိပ်ကမ်းသာလမ်း၊ အလယ်၊ ကျောက်တံတားမြို့နယ် ၀၉ ၄၂၀ ၁၂၉ ၃၃၃

**အမြန်ပြန်လာပါ**

မစိုးစိုးမော် [၁၀/ပမန(နိုင်)၂၁၀၅၇၈] ၂၂-၆-၂၀၁၅ရက်မှ ၄-၇-၂၀၁၅ရက်အတွင်း အမြန်ပြန်လာပါ။ ပြဿနာအားလုံး တာဝန်ယူဖြေရှင်းထားပါသည်။
ကျော်ထူး [၁၂/ဒပန(နိုင်)၀၃၉၀၀၇]
အမှတ်(၈၁)၊ ဘုရင့်နောင်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံ

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၃)ခု ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။
(က) အမျိုးသားပြတိုက် (နေပြည်တော်) D ဆောင် တည်ဆောက်ခြင်း
(ခ) အမျိုးသားပြတိုက်(နေပြည်တော်) E ဆောင် တည်ဆောက်ခြင်း
(ဂ) အမျိုးသားပြတိုက်(နေပြည်တော်) ICT လုပ်ငန်း ဆောင်ရွက်ခြင်း
၂။ လုပ်ငန်းများနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၂၉-၆-၂၀၁၅ရက်မှ ၁၅-၇-၂၀၁၅ ရက်ထိ ဦးစီးဌာန(ရုံးချုပ်)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၀-၇-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းရုံးတွင် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်းနံပါတ်- ၀၆၇-၄၀၈၀၂၇၊ ၀၆၇-၄၁၈၄၃၂တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်လိုအပ်သော ထရန်စဖော်မာဆီ(၂၀၀)Drumsကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(ပစ္စည်းလက်ဝယ်ရှိသူကိုသာ ဦးစားပေးမည်)
တင်ဒါပုံစံစတင်ရောင်းမည့်ရက် -၁၆-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် -၂၂-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် -၁၂း၀၀နာရီ
တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့်**
**မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ**
**သွားရောက်ကြည့်ရှုပါ။**

# မသန်စွမ်းသူများ ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာစေရန် အလေးထားဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၁၈**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် မဲပေးရေးအစီအစဉ်များတွင် မသန်စွမ်းသူများ ပိုမိုပါဝင်ခွင့်ရရှိလာရေး ဒုတိယအကြိမ်မြောက် ဆွေးနွေးပွဲကို နေပြည်တော်ရှိ Sky Palace ဟိုတယ်၌ ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ အမှာစကားပြောကြားသည်။ ယင်းဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ NGO များ၊ IFES မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သဘောတူစာချုပ်၏ အပိုဒ် ၂၉(က) တွင် "မသန်စွမ်းသူများ အခြားသူများနည်းတူ နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များ၌ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကို လွတ်လပ်စွာ ရွေးချယ်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု သေချာအောင် ဆောင်ရွက်ပေးရမည်။ ယင်းတို့တွင် မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့် ရရှိမှုသေချာစေရေးအတွက် ဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မသန်စွမ်းသူများ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့် ရရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး မသန်စွမ်းသူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် ၂၀၁၃ ခုနှစ် မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင်လည်း အခန်း(၆)နှင့် အခန်း(၉)တွင် မသန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ ပါဝင်မှုမြှင့်တင်နိုင်ရန် ကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးများသို့လည်း မသန်စွမ်းသူအဖွဲ့အစည်းများကို ဖိတ်ကြားတက်ရောက်စေပြီး လိုအပ်သောအကြံပြုဆွေးနွေးမှုများကို ဆောင်ရွက်စေခဲ့ပါကြောင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် လိုအပ်ချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲများ၏ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များအား ပြန်လည်လေ့လာပြင်ဆင်ရာတွင် မသန်စွမ်းသူများ၏ အဓိပ္ပာယ်ဖော်ပြချက်၊ မဲစာရင်းပြုစုရာတွင် မသန်စွမ်းသူများကိုပါ ထည့်သွင်းပြုစုရေး၊ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရေး၊ မဲရုံများတည်ဆောက်ရာတွင် မသန်စွမ်းသူများ လွယ်ကူစွာမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရေး၊ ဆန္ဒမဲပေးရာတွင်လည်း ၎င်းတို့ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူ တစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးနိုင်ရေးတို့ကို ပြင်ဆင်ထည့်သွင်း ရေးဆွဲခဲ့ပါကြောင်း။

ကော်မရှင်အနေဖြင့် မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့ တွေ့ဆုံသည့် အစည်းအဝေးများတွင် မသန်စွမ်းသူများ မဲစာရင်းကို သီးခြားပြုစုနိုင်ရေး၊ မသန်စွမ်းသူဦးရေများသည့်ဒေသများတွင် မဲရုံသီးသန့် တည်ဆောက်နိုင်ရေးတို့ကို ညွှန်ကြားလျက်ရှိပါကြောင်း၊ မျက်မမြင် မသန်စွမ်းသူများအတွက် မျက်မမြင် စာပေဖြင့် မဲလက်မှတ်ရိုက်နှိပ်နိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မသန်စွမ်းသူများ ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာစေရန် အလေးထားဆောင်ရွက်နေပါကြောင်းနှင့် မသန်စွမ်းသူ အဖွဲ့အစည်းများအနေဖြင့် လိုအပ်ချက်များရှိပါက တင်ပြဆွေးနွေးနိုင်ပါကြောင်း၊ နိုင်ငံတကာ အထောက်အကူပြုအဖွဲ့အစည်းများအနေဖြင့်လည်း မသန်စွမ်းသူများ တိုးမြှင့်ပါဝင်ရေး လုပ်ငန်းစဉ်များ ပူးပေါင်းပါဝင်ကူညီကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့သော စံပြမဲရုံများဖြစ်ပေါ်လာရေး၊ မျက်မမြင်မသန်စွမ်းသူများအတွက် မဲလက်မှတ်ပုံစံ၊ အကြားအာရုံချို့တဲ့သည့် မသန်စွမ်းသူများနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အဆင်ပြေနိုင်မည့် မဲရုံပုံစံ၊ မဲရုံများတွင် နားမကြားသူများအတွက် သင်္ကေတပိုစတာများ ကပ်ထားပေးရေး၊ ဉာဏ်ရည်မသန်စွမ်းသူများ အဆင်ပြေစွာ မဲပေးနိုင်ရေးတို့ကို တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ထို့နောက် မသန်စွမ်းသူနိုင်ငံသားများ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် မဲပေးရေးအစီအစဉ်များတွင် ပိုမိုပါဝင်ခွင့်ရရှိလာနိုင်ရေးအတွက် မသန်စွမ်းအဖွဲ့အစည်းများ၏ ရှေ့ဆက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ဦးနေလင်းစိုးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာနက သတင်းမီဒီယာနည်းဥပဒေထုတ်ပြန်ထားပြီးဖြစ်

**နေပြည်တော် ဇွန် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာနက သတင်းမီဒီယာ နည်းဥပဒေကို ဇွန် ၁၇ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၄၅/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ နည်းဥပဒေတွင် အခန်း (၁၂) ခန်းပါရှိပြီး အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း (၂) သတင်းမီဒီယာလုပ်ငန်း ထူထောင်ခြင်း၊ အခန်း (၃) ကောင်စီဝင် ရွေးချယ်တင်မြှောက်ခြင်း၊ အခန်း(၄)ကောင်စီဝင် အစားထိုးရွေးချယ်ခြင်းနှင့် သက်တမ်း၊ အခန်း(၅) ကောင်စီ၏ လုပ်ငန်းစဉ်များ၊ အခန်း(၆) ကောင်စီဝင်များနှင့် ရပိုင်ခွင့်များ၊ အခန်း(၇) ကောင်စီ၏ လုပ်ငန်းတာဝန်များ လွှဲပြောင်းလက်ခံခြင်း၊ အခန်း (၈) ဘဏ္ဍာရေးနှင့် ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း၊ အခန်း (၉) သတင်းအချက်အလက်ရယူခွင့်၊ အခန်း(၁၀) သတင်းအချက်အလက်များကို စိစစ်ရေးသားဖော်ပြခြင်း၊ အခန်း(၁၁) ညှိနှိုင်းဖြေရှင်းခြင်းနှင့် အရေးယူခြင်း၊ အခန်း (၁၂) ရုံးအဖွဲ့ဖွဲ့စည်းခြင်းတို့ ဖြစ်ကြသည်။

ယင်းနည်းဥပဒေအပြည့်အစုံကို MOI Webportal Myanmar facebook နှင့် www.moi.gov.mm တို့တွင် လွှင့်တင်ထားပြီဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမြင့်နောင်အား ဟယ်လင်းနစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် **ရခိုင်မျိုးချစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ဈေးလမ်းနှင့် သာဇံလှလမ်းထောင့်၊ အမှတ်(၃၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်မျိုးချစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၈-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင်မျိုးချစ်ပါတီ၏ အလံပုံစံ**



**ရခိုင်မျိုးချစ်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မိုးထမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ စတင်စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် ဇွန် ၁၈**

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် မိုးထမြို့တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇွန် ၅ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား 50W၊ လှိုင်းနှုန်း (UHF Channel J-13) (470-476) MHz ဖြင့် ဇွန် ၅ ရက် ည ၇ နာရီမှ စ၍ Analogue စနစ်ဖြင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံတွင် မားစ်ရောဂါ ပထမဆုံးအကြိမ် တွေ့ရှိ

**ဗန်ကောက် ဇွန် ၁၈**

ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူတစ်ဦးကို ယနေ့တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ပထမဆုံးသော ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူသည် မကြာသေးမီက အိုမန်နိုင်ငံမှပြန်ရောက်ခဲ့သည့် အသက် ၇၅ နှစ်အရွယ်ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ကြောင်းနှင့် ၎င်းအား ဓာတ်ခွဲခန်းနှစ်ခုတွင် စစ်ဆေးခဲ့ပြီးနောက် ဗိုင်းရပ်စ်ပိုးရှိသည်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး ရာဂျာတာ ရာဂျာတန်နာဗန်က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ၅၉ ဦးကို ဗိုင်းရပ်စ်ပိုးရှိမရှိစစ်ဆေးမှုများပြုလုပ်နေသည်။ ယင်းတို့ထဲတွင် ပထမဆုံးသော ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူအဘိုးအိုနှင့် ဗန်ကောက်မြို့သို့ အတူတကွသွားရောက်ခဲ့သည့် ဆွေမျိုးသုံးဦးလည်း ပါဝင်သည်။

၂၀၁၂ ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ဗိုင်းရပ်စ်ပိုးစတင်တွေ့ရှိခဲ့သည့်အချိန်မှစပြီး ယခုအချိန်ထိ လူ ၁၀၀၀ ကျော် ကူးစက်ခံရကာ ၄၅၄ ဦးသေဆုံးခဲ့သည်။

ယခင်လက တောင်ကိုရီးယားနိုင်ငံတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၆၅ ဦးရှိပြီး ၂၃ ဦး သေဆုံးခဲ့သည်။ ဗိုင်းရပ်စ်ပိုးကူးစက်မှုကို ထိန်းချုပ်နိုင်ရန် လူပေါင်း ၆၇၀၀ ဦးကို သီးသန့်အခန်းများတွင် ခွဲထားသည်။

ထိုင်းနိုင်ငံသို့ဝင်ရောက်လာသည့် ခရီးသွားများကို ဝင်ပေါက် ၆၇ ခုတွင် ဗိုင်းရပ်စ်ပိုး ရှိ/မရှိစစ်ဆေးလျက်ရှိသည်။ 'ရေကြောင်း၊ လေကြောင်းနဲ့ ကုန်းလမ်းမှလာတဲ့ ခရီးသွားတွေကို ဝင်ပေါက် ၆၇ခုမှ စစ်ဆေးလျက်ရှိပါတယ်။ နိုင်ငံအတွင်းရှိ ဆေးရုံတွေကိုလည်း အရေးပေါ်အခြေအနေ ကြေညာထားပါတယ်။ ပြီးတော့ အရှေ့အလယ်ပိုင်းနှင့် တောင်ကိုရီးယားနိုင်ငံတွေမှ လာတဲ့ခရီးသွားတွေကို ပိုမိုဂရုတစိုက် စစ်ဆေးဖို့လိုအပ်တယ်ဆိုတာကို စစ်ဆေးရေးအဖွဲ့တွေကိုလည်း ပြောထားပါတယ်'ဟုထိုင်းရောဂါထိန်းချုပ်ရေးဌာနမှ အတွင်းရေးမှူးချုပ်က ဆိုသည်။

**ဆင်ဟွာ။**



## အမေရိကန်၌ ဘုရားကျောင်းဝင်းအတွင်း လူဖြူသေနတ်သမား လက်ချက်ကြောင့် ကိုးဦးသေဆုံး

**ချာလက်စ်တန် ဇွန် ၁၈**

အမေရိကန်ပြည်ထောင်စု တောင်ကာရိုလိုင်းနားပြည်နယ် ချာလက်စ်တန်မြို့၌ သမိုင်းဝင် အာဖရိက-အမေရိက ခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်းတွင် ဝတ်ပြုဆုတောင်းပွဲပြုလုပ်နေချိန်အတွင်း လူဖြူသေနတ်သမားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ကိုးဦးသေဆုံးရကြောင်း၊ သေနတ်သမားမှာ ယခုအချိန်အထိ ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အမုန်းတရားအပေါ် အခြေခံသော ရာဇဝတ်ပြစ်မှုဖြစ်ကြောင်း ချာလက်စ်တန် ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များသည် တိမ်းရှောင်နေသော သေနတ်သမားကို လမ်းများပေါ်တွင် ရှာဖွေခဲ့သည်။ အဆိုပါ သေနတ်သမားမှာ အသက် ၂၁ နှစ်အရွယ်ရှိပြီး လူဖြူအမျိုးသားတစ်ဦး ဖြစ်သည်ဆို၏။

ချာလက်စ်တန် မြို့လယ်ရှိ အင်မင်နျူယယ်အာဖရိက မက်သဒစ် ဘုရားကျောင်းဝင်းအတွင်း၌ ဇွန် ၁၇ ရက်ညက သေနတ်သံများပေါ်ထွက်ခဲ့သည်။ သေနတ်သမားလွတ်မြောက်သွားခဲ့ပြီး ဘေးအန္တရာယ် ဆက်လက်ပေးနိုင်သူအဖြစ် ရဲတပ်ဖွဲ့က ရှုမြင်သည်။

အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ် ဘာမင်ဂမ်မြို့ရှိ အာဖရိက-အမေရိက ခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်းတွင် ၁၉၆၃ ခုနှစ်က ဗုံးခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်ကို ပြန်ပြောင်းသတိရစေကြောင်း ရဲတပ်ဖွဲ့မှူး ဂရီဂိုရီ မူလန်က ပြောကြားသည်။ **ရိုက်တာ။**



# ဖိလစ်ပိုင်နှင့် အမေရိကန်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မည်

**မနီလာ ဇွန် ၁၈**

ဖိလစ်ပိုင်ရေတပ်နှင့် အမေရိကန်ရေတပ်တို့သည် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို လာမည့်ရက်သတ္တပတ်အတွင်း ဖိလစ်ပိုင်နိုင်ငံ အနောက်တောင်ပိုင်းရှိ ပါလာဝန် ပြည်နယ် ကမ်းလွန်၌ ပြုလုပ်မည်ဟု ဖိလစ်ပိုင် စစ်ဘက်တာဝန်ရှိသူတစ်ဦးက ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို ဖိလစ်ပိုင်ရေတပ်စခန်း အပိုလီ နာရီယိုဂျာလန်ဒိုနီ တည်ရှိရာ ပျူအာကို ပရင်ကီဆာမြို့တွင် ဇွန် ၂၂ ရက်၌ စတင်ပြုလုပ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ရေတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းစစ်ရေးလေ့ကျင့်မှုမှာ နှစ်စဉ်ပြုလုပ်မြဲဖြစ်ပြီး စစ်ရေးအရ အသင့်ရှိနေရေးနှင့် လေ့ကျင့်ရေးဟု အမည်ပေးထားသည်။

စစ်ရေးလေ့ကျင့်မှုကို ဇွန် ၂၅ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး အမေရိကန်နှင့် ဖိလစ်ပိုင်ရေတပ်ဖွဲ့အကြား စစ်ဆင်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ အပြန်အလှန်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်ရေတပ် ပြည်သူ့ဆက်ဆံရေးအရာရှိ လစ်ဇယ်ဗီဒါလွန်က ပြောကြားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင် ရေယာဉ်များက အမြောက်လက်နက်ပစ်ခတ်ခြင်း၊ ရဟတ်ယာဉ်ပျက်ကျမှုနှင့် ကယ်ဆယ်ခြင်း၊ ကုန်းပတ်ပေါ် ရဟတ်ယာဉ်ဆင်းသက်မှု စွမ်းရည်စစ်ဆေးခြင်း၊ ရှာဖွေရေးနှင့်ဖမ်းဆီးခြင်း၊ လက်နက်စနစ်များ မိတ်ဆက်ခြင်းများပါဝင်သည်ဟု သတင်းတွင် ဖော်ပြသည်။

ယင်းစစ်ရေး လေ့ကျင့်ခြင်းကို ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကျွန်းစုများမရှိသည့် ပါလာဝန်ပြည်နယ် အရှေ့ဘက်ရှိ ဖိလစ်ပိုင်ရေပိုင်နက် နယ်မြေအတွင်း၌သာ ပြုလုပ်သွားမည်ဟု ဖိလစ်ပိုင်ရေတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမေရိကန်ရေတပ်မှ ကမ်းနီးတိုက်ခိုက်ရေး ရေယာဉ် ယူအက်စ်အက်စ် ဗို့ဝပ်နှင့် ဖိလစ်ပိုင်ရေတပ်မှ ဂျော်ဂျီရီယိုဒဲလ်ပီလာနှင့် ရေမွန်အလ်ကာရက်စ်အမည်ရှိ စစ်ရေယာဉ်နှစ်စင်းတို့ ပါဝင်လေ့ကျင့်မည်ဖြစ်ပြီး လေ့ကျင့်မည့် တပ်ဖွဲ့ဝင်ဦးရေနှင့် စစ်လက်နက်ပစ္စည်းများကို အတိအကျ ဖော်ပြခြင်းမရှိပေ။ **ရိုက်တာ။**

## ဟိုချီမင်းတွင် ခရီးသည်တင်ယာဉ်များပေါ်၌ စောင့်ကြပ်ကင်မရာများ တပ်ဆင်မည်

**ဟိုချီမင်း ဇွန် ၁၈**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် လာမည့်လအနည်းငယ်အတွင်း ခရီးသည်တင်ယာဉ်များပေါ်တွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုနှင့် ခိုးဝှက်မှုဖြစ်ပွားခြင်းမှ တားဆီးကာကွယ်ရန်အတွက် စောင့်ကြပ်ရေးကင်မရာများ တပ်ဆင်မည်ဖြစ်ကြောင်း မြူနီစီပယ်ခရီးသွားလုပ်ငန်းက ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

ခရီးသည်များ၏ ယာဉ်ပေါ်အတက်အဆင်းကို စောင့်ကြပ်ရန်အတွက် ယာဉ်ငယ်အတွင်းပိုင်းနှင့် ယာဉ်ကြီးများရှေ့တွင် ကင်မရာနှစ်လုံး တပ်ဆင်ထားမည်ဖြစ်ကြောင်း၊ ကင်မရာများတပ်ဆင်မှုကို ၂၀၁၇ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်မည်ဖြစ်ကြောင်း ဟိုချီမင်းမြို့အများပြည်သူ ခရီးသွားလာရေးစီမံခန့်ခွဲမှုဌာနက ပြောကြားသည်။

ကင်မရာများဝယ်ယူမှုနှင့် တပ်ဆင်မှု စုစုပေါင်း ကုန်ကျစရိတ်မှာ ယာဉ်တစ်စင်းလျှင် ဗီယက်နမ်ဒေါင် ၁၃ သန်း (အမေရိကန်ဒေါ်လာ ၆၀၀) ဖြစ်ပြီး ဝန်ဆောင်မှုအခကြေးငွေအဖြစ် ယာဉ်တစ်စီးလျှင် တစ်လအတွက် ဗီယက်နမ်ဒေါင် ၄၀၀၀၀၀ခန့် (၁၈ ဒသမ ၄ အမေရိကန်ဒေါ်လာ) ကောက်ခံသွားမည်ဖြစ်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

ယခုလက်ရှိတွင် ဟိုချီမင်းမြို့၌ ယာဉ်လိုင်း ၁၀၇ လိုင်းတွင် အစိုးရထောက်ပံ့မှုရရှိသည့် ယာဉ်ပေါင်း ၂၈၀၀၀ နှင့် ယာဉ်လိုင်း ၃၂ လိုင်းတွင် အစိုးရထောက်ပံ့မှုမရရှိသည့် ယာဉ်ပေါင်း ၄၀၀ ခန့် ပြေးဆွဲနေသည်ဟု သိရသည်။

**ဆင်ဟွာ။**

# အိန္ဒိယတွင် အသင့်စားခေါက်ဆွဲခြောက်ထုပ်များ အသက်အန္တရာယ်ရှိ၍ ဖျက်ဆီးပစ်မည်

**နယူးဒေလီ ဇွန် ၁၈**

အိန္ဒိယနိုင်ငံ၏ စားသောက်ကုန်များ ဘေးဥပါဒ်အန္တရာယ်ကင်းဝေးရေးအတွက် နက်(စ်)လေသည် ၎င်း၏ နာမည်ကြီး အသင့်စားသုံးနိုင်သော မက်ဂီတံဆိပ်ခေါက်ဆွဲခြောက်ထုပ် သန်း ၄၀၀ ကို ဖျက်ဆီးပစ်မည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

အဆိုပါ ခေါက်ဆွဲထုပ်အားလုံးကို ဖျက်ဆီးရန်အတွက် ရက် ၄၀ အချိန်ယူရမည်ဟု နက်(စ်)လေကုမ္ပဏီက ပြောသည်။

အိန္ဒိယစားသောက်ကုန် အန္တရာယ်ကင်းရေး ကွပ်ကဲရေးအဖွဲ့က မက်ဂီခေါက်ဆွဲခြောက်ထုပ်များကို စစ်ဆေးစမ်းသပ်ရာတွင် လူ့အသက်အား အန္တရာယ်ရှိကြောင်း တွေ့ရှိရသဖြင့် နက်(စ်)လေသည် စားသောက်ကုန်အန္တရာယ်ကင်းဝေးရေး ဥပဒေများကို လိုက်နာရန် ပျက်ကွက်သည်ဟု စွပ်စွဲခဲ့သည်။

နက်(စ်)လေသည် အိန္ဒိယနိုင်ငံ၏ အသင့်စားသုံးနိုင်သော ခေါက်ဆွဲခြောက်ဈေးကွက်၏ ၈၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည်။

ယခုကဲ့သို့ ပြန်လည်သိမ်းယူရသည့် ပမာဏသည် နက်(စ်)လေ၏ သမိုင်းသာမက စားသောက်ကုန် လောကတွင်ပါ အကြီးမားဆုံးဖြစ်ကြောင်း နက်(စ်)လေ (အိန္ဒိယ) က ပြောသည်။

မက်ဂီတွင် ခဲပါဝင်မှုသည် သတ်မှတ်နှုန်းထက် ပိုများနေသည်ကို စားသောက်ကုန် ကြီးကြပ်ရေးအဖွဲ့က တွေ့ရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သောအခါ နက်(စ်)လေသည် ယခုစောစောပိုင်းမှစ၍ မက်ဂီတံဆိပ်အသင့်စားခေါက်ဆွဲခြောက်ထုပ်များကို ဈေးကွက်မှ ပြန်လည်သိမ်းယူခြင်းဖြစ်သည်။ **ရိုက်တာ။**



# လေ့လာခွင့်နှင့်သတင်းရယူခွင့် သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ ခွင့်ပြုပေးလျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**သတင်းထုတ်ပြန်ချက် (၅/၂၀၁၅)**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်**
**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်**

၁။ လွှတ်တော်အစည်းအဝေးများ၌ သတင်းရယူခြင်းကိစ္စများနှင့်စပ်လျဉ်းပြီး လတ်တလောကာလတွင် အမျိုးမျိုးသော ဝေဖန်ရေးသားဖော်ပြမှုများ ရှိနေပါသည်။

၂။ လက်ရှိလွှတ်တော်များ စတင်ဖွဲ့စည်းပေါ်ပေါက်သည့်ရက်မှစ၍ ယနေ့အထိ သတင်းရယူမှု ပိတ်ပင်ခဲ့ခြင်း မရှိပါ။ လုံခြုံရေးဆိုင်ရာအပါအဝင် ဆက်စပ်ဖြစ်ပေါ်နေသော အခြေအနေနှင့်အချိန်အခါအရ လွှတ်တော်အစည်းအဝေးဆိုင်ရာ သတင်းများရယူခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ကို ပိုမို၍ စနစ်တကျ ဖြစ်စေရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၃။ နိုင်ငံတကာဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ခရီးသွားဧည့်သည်များ အပါအဝင် အများပြည်သူအားလုံး လွှတ်တော်ဝင်းအတွင်း အဆောက်အအုံများနှင့်လွှတ်တော်အစည်းအဝေးများသို့ လာရောက်လေ့လာခွင့်နှင့် Media များသတင်းရယူခွင့်တို့ကို သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျခွင့်ပြုပေးလျက်ရှိပါသည်။

၄။ နိုင်ငံတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရာတွင် ကဏ္ဍအားလုံးက စနစ်တကျဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၃၃။)**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁) တွင် ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၅၅ တို့တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က)ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ။"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က)ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က)မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်

**နေပြည်တော် ဇွန် ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E.Mr.Christian-Ludwing Weber-Lortsch အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂျာမနီနိုင်ငံသည် သမိုင်းတစ်လျှောက် မိတ်ဆွေကောင်းအနေဖြင့် ကူညီပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ စစ်ဘက်ဆိုင်ရာ ကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ပြီး မှန်ကန်သည့် မိတ်ဆွေဟုခံယူပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ဖြစ်နိုင်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဧည့်သည်တော်သံအမတ်ကြီးက ယခင်ကပင် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးရှိခဲ့ပါကြောင်း၊ အနာဂတ်စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် စစ်ဘက်သံတမန်ဆက်ဆံရေးကိုပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျာမနီနိုင်ငံသည် တစ်ခုတည်းသော တပ်မတော်ရှိပြီး Federal State သွားနေသည့်နိုင်ငံဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံရေးပိုင်းဆောင်ရွက်မှုများလည်း ရှိခဲ့ပါကြောင်း၊ မတူကွဲပြားသည့် တိုင်းရင်းသားများကြားတွင် ဆောင်ရွက်ရသည့် အခက်အခဲများကို နားလည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးမရသေးမီ တပ်မတော်အနေဖြင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ ထွက်သွား၍ မရနိုင်သည့် အခြေအနေကို နားလည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တတ်နိုင်သမျှကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် သွားနေကြောင်း၊ တပ်မတော်အနေဖြင့် အမျိုးသားရေးအရ၊ နိုင်ငံတော်ကာကွယ်ရေးအရ မှန်ကန်သော လမ်းကြောင်းပေါ်တွင် သွားရန်ဆန္ဒရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေး ပြောကြားသည်။

**(မြဝတီ)**




# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆွေးနွေး

**ပုသိမ် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဥပဒေရေးရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးမောင်ရှိန်က ယခုလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဥပဒေရေးရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ဟောပြောနေခြင်းမှာ ဝန်ထမ်းများမှ အဂတိလိုက်စားနေ၍ ပြုလုပ်ရခြင်း မဟုတ်ကြောင်း၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားပြီးသော ဥပဒေ၊ နည်းဥပဒေများအား ဝန်ထမ်းများသာမက ပြည်သူများကပါ သိရှိလိုက်နာနိုင်ကြစေရန်အတွက် ဆွေးနွေးဟောပြောရခြင်းဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံ့ဘဏ္ဍာများ၊ နိုင်ငံပိုင်ပစ္စည်းများ၊ လူ့အခွင့်အရေးများ ပျက်စီးထိခိုက်မှု မရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာများအား ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲအခမ်းအနားသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းအင်အား ၇၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စက်သုံးဆီများ သိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ပုဂ္ဂလိကအရောင်းဆိုင်များ စက်သုံးဆီကိုင်တွယ်ဆောင်ရွက်သူများနှင့် ပြည်သူလူထုများအနေဖြင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် ရေနံထွက်ပစ္စည်းများ သယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် သတိပြုလိုက်နာရမည့်အချက်များ (Petroleum Product Handling Process)အား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် ပညာပေးလက်ကမ်းစာစောင်များအား နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဖြန့်ဝေပေးထားကြောင်းသိရသည်။

ယင်းလက်ကမ်းစာစောင်တွင် ဆီတင်ယာဉ်များ စက်သုံးဆီဖြည့်တင်း/ချယူစဉ်သတိပြုလိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ဆီတင်ယာဉ်များလမ်းခရီးပို့ဆောင်စဉ် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စက်သုံးဆီအရောင်းဆိုင်များ သတိပြုလိုက်နာရမည့်အချက်များ၊ စက်သုံးဆီသိုလှောင်ရုံအရောင်းဆိုင်များ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စက်သုံးဆီဝယ်ယူသည့်ယာဉ်ဆီဖြည့်ရာတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များပါရှိပြီး ဆိုင်ဧရိယာအတွင်း Hand Phone အသုံးမပြုရ စသည်ဖြင့် သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသေးစိတ် ဖော်ပြထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**

# ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအနှစ်သာရ

ဦးဟန်ညွန့်(ဥပဒေ)

**ပြုပြင်ပြောင်းလဲရေး**

အများပြည်သူတို့က "ပြုပြင်ပြောင်းလဲရေး"ကို စိတ်အားထက်သန်နေကြသည့်အချိန်။ ဤအချိန်၊ ဤကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းများ ထွက်ပေါ်လာပြီ။ အားတက်သရော အကြံပေးနိုင်ကြပြီ။ လွတ်လွတ်လပ်လပ် ထောက်ပြနိုင်ကြပြီ။ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များဖြစ်သော်ငြား ထဲထဲဝင်ဝင်ပြည်သူ့အဆုံးအဖြတ်ခံယူအပ်သည်။

**သမိုင်းကြောင်း**

မြန်မာ့သမိုင်းကြောင်းတွင် အခြေခံဥပဒေ(၃)ရပ် ပေါ်ခဲ့သည်။ အခြေခံဥပဒေပြင်လိုလျှင် ဥပဒေပြဋ္ဌာန်းချက်နှင့်ပြင်ရသည်။ ဥပဒေပြင်ဆင်ခြင်းအခန်းကို သီးခြားဖော်ပြထားသည်။

**၁၉၄၇**

၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခန်း(၁၁)၊ ပုဒ်မ ၂၀၇ မှ ၂၁၀ အထိ ပုဒ်မ လေးခုဖြင့်ဖော်ပြသည်။

**၁၉၇၄**

၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း(၁၅)၊ ပုဒ်မ ၁၉၄ ဖြင့်ဖော်ပြသည်။

**၂၀၀၈**

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း(၁၂)၊ ပုဒ်မ ၄၃၃ မှ ၄၃၆ အထိ ပုဒ်မ လေးခုဖြင့်ဖော်ပြသည်။ အထက်ပါဖော်ပြချက်များကို ဖတ်ရှုရုံဖြင့် ပြင်ပုံပြင်နည်း၊ ဆောင်ရွက်ပုံအဆင့်ဆင့် မတူညီကြောင်း ပေါ်လွင်သည်။ ကာလ၊ ဒေသ၊ ပယောဂကြောင့်ဟု သုံးသပ်သူများရှိသည်။ အကျိုးအပြစ်ဆန်းစစ်သူမရှား။

**ဘာကြောင့်မတူညီသလဲ**

ဥပဒေပြဋ္ဌာန်းသည့် သက္ကရာဇ်များ၊ ခေတ်ကာလများ မတူညီကြပါ။ ကာလ၊ ဒေသမတူညီကြပါ။ စနစ်ဝါဒမတူညီကြပါ။ ထိုအခါ အခြေခံဥပဒေ၏ အနှစ်သာရများကွဲပြားမည် ဧကန်ဖြစ်သည်။ ယနေ့ပြည်သူအပေါင်းနှစ်ထောင်အားရ ရေးဆွဲကြသော အခြေခံဥပဒေသည်သာ အခွန့်ရှည်တည်တံ့မည်ဖြစ်သည်။ မတူညီမှုများအားလုံးတူညီရန် မကြိုးစား။ အတတ်နိုင်ဆုံး၊ အကောင်းဆုံး **"ပြည်သူ့ဆန္ဒ အခြေခံကျသည်"**ဆိုသည့်အချက်ကတော့ သဘာဝကျသည်။ ခိုင်မြဲသည်။ တစ်သက်စာခိုင်မြဲခြင်းတော့ မဖြစ်နိုင်။ သမိုင်းက သက်သေခံပြီးပြီ။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ**

တက္ကသိုလ်ဥပဒေကျောင်းသားဘဝက အလွတ်ကျက်၊ ဖတ်မှတ်ခဲ့ရသော အခြေခံဥပဒေဘာသာရပ်အကြောင်း တစ်စွန်းတစ်စ ပြန်လည်အမှတ်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (CONSTITUTION) ဆိုသည်မှာ Organization of State (အချုပ်အခြာအာဏာပိုင်သော နိုင်ငံ)၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်သည်။ အခြေခံဥပဒေအမျိုးမျိုး ခွဲခြားလျှင်-

(၁) Written Constitution - ရေးဆွဲထားသော အခြေခံဥပဒေ
(၂) Unwritten Constitution - ရေးဆွဲမထားသော အခြေခံဥပဒေ
(၃) Rigid Constitution - ပြင်ဆင်ရန်ခက်ခဲသော အခြေခံဥပဒေ
(၄) Flexible Constitution - ပြင်ဆင်ရန်လွယ်ကူသော အခြေခံဥပဒေ
-စသည်ဖြင့်တွေ့ရသည်။

**အရစ်စ်တိုတယ်(Aristotle)၏ ဖွင့်ဆိုချက်**

ရှေးခေတ်နိုင်ငံရေးသိပ္ပံပညာရှင် အရစ်စ်တိုတယ်က **"ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အုပ်ချုပ်သူအစိုးရများသို့ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသည့် အခြေခံအကျဆုံး ဥပဒေဖြစ်သည်"** ဟုဖွင့်ဆိုသည်။

**စီအက်ဖ်စထရောင်း(C.F. Strong) ၏ရေးသားချက်**

အခြေခံဥပဒေပညာရှင် စီအက်ဖ်စထရောင်းက **"ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အစိုးရ၏အာဏာများနှင့် ပြည်သူတို့၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို စုစည်းဖော်ပြထားသော အစိုးရနှင့်ပြည်သူအကြား ဆက်ဆံရေးကောင်းမွန်စေရန် ညှိနှိုင်းသတ်မှတ်ထားသော မူများဖြစ်သည်"** ဟု ရေးသားခဲ့သည်။

**လော့ဒ်ဘရိုက်စ်(Lord Bryce)၏အဆို**

လော့ဒ်ဘရိုက်စ်က **"ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အမြဲတမ်းအဖွဲ့အစည်းများအား ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်နှင့် တိကျသောလုပ်ပိုင်ခွင့်အာဏာကို ဥပဒေဖြင့်အပ်နှင်းဖော်ဆောင်ရသည့် လုပ်ငန်းတာဝန်နှင့် တိကျသောလုပ်ပိုင်ခွင့်အာဏာကို ဥပဒေဖြင့်အပ်နှင်းဖော်ဆောင်ရသည့် နိုင်ငံရေးအဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံအစီအမံတစ်ရပ်ဖြစ်သည်"**ဟု ဖွင့်ဆိုခဲ့သည်။

**ဒေါက်တာမောင်မောင်၏ ရေးသားချက်**

နိုင်ငံတော်သမ္မတ(ငြိမ်း) ဒေါက်တာမောင်မောင်က **"ဥပဒေဆိုလျှင် စာစကား ပေစကား ခန့်ညားထည်ဝါ၍ ပျင်းစရာကောင်းသည်ဟု အများကမှတ်ယူကြပါသည်။ အခြေခံဥပဒေဆိုလျှင် ပို၍ ပျင်းစရာကောင်းမည်ဟု တွက်ကြပါသည်။ အမှန်မှာ ဥပဒေသည် လူတို့နေ့စဉ်နေ့တိုင်း ဆက်ဆံကူးလူးကြခြင်းနှင့်ပတ်သက်ပေသည်။ စာစကား ပေစကား ပုဒ်မကြီးငယ်တွေကို ဖယ်၍ ဖတ်ရှုလျှင် ပျင်းစရာလည်း မဟုတ်ပါ။ ကြောက်စရာလည်း မဟုတ်ပါ။ အခြေခံဥပဒေဆိုလျှင်လည်း လွတ်လပ်သော ပြည်ထောင်စုကို တည်ဆောက်ထားပုံ၊ ပြည်သူတို့၏ အခွင့်အရေးများ၊ တာဝန်များကို သတ်မှတ်ပုံ၊ နိုင်ငံ၏မဏ္ဍိုင်များကို တည်ဆောက်ပုံတို့ကို သရုပ်ဖော်သည်။ အခြေခံဥပဒေတွင် ပြည်ထောင်စု၏ ရာဇဝင်သည် အသက်ဝင်လျက်ရှိပေသည်"** ဟု "တို့ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ" စာအုပ် (မိတ်ဆက်အမှာစာ)တွင် ရေးသားဖွင့်ဆိုသည်။

**အခြေခံဥပဒေ၏ အနှစ်သာရ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်၍ လွတ်လပ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတို့အပေါ်၌ တည်ဆောက်၍ထားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားတိုင်း-

- လူမှုဆက်ဆံရေး၌ တရားမျှတခြင်း
- စီးပွားရေး၌ တရားမျှတခြင်း
- နိုင်ငံရေး၌ တရားမျှတခြင်း
- လွတ်လပ်စွာ တွေးကြံနိုင်ခြင်း
- လွတ်လပ်စွာ ပြောဆိုရေးသားဖွင့်ဟနိုင်ခြင်း
- လွတ်လပ်စွာ ယုံကြည်နိုင်ခြင်း
- လွတ်လပ်စွာ ကြိုက်ရာဘာသာကို ကိုးကွယ်နိုင်ခြင်း
- လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ခြင်း
- လွတ်လပ်စွာ စည်းရုံးနိုင်ခြင်း
- လွတ်လပ်စွာ လုပ်ကိုင်ပြုမူနိုင်ခြင်းတို့ကို ရရှိခံစားခွင့်ရှိသည်။

(တို့ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ၊ စာမျက်နှာ-၅၉)

**မြန်မာနိုင်ငံဥပဒေစနစ်**

မြန်မာနိုင်ငံဥပဒေစနစ်သည် အင်္ဂလိပ်ရိုးရာ ဥပဒေမိသားစု (Common Law Family) တွင်ပါဝင်သည်။ ဥပဒေပြုမှုအာဏာသည် ပါလီမန်တွင် တည်သည်။ တရားဥပဒေတစ်ခုသည် အခြေခံဥပဒေရှိပြဋ္ဌာန်းချက်များအရ ခိုင်လုံသည်၊ မခိုင်လုံသည်ဟူသော ပြဿနာပေါ်ပေါက်နေသည့် အမှုများကို တရားလွှတ်တော်ချုပ်၏ အယူခံစီရင်ပိုင်ခွင့်အာဏာဖြင့် မစီရင်မဆုံးဖြတ်ရဟု မည်သည့်တရားဥပဒေမျိုးကိုမျှ မပြုရဟု ၁၉၄၇၊ အခြေခံဥပဒေ၊ ပုဒ်မ ၁၃၇ တွင် ဖော်ပြခဲ့သည်။

**အသစ်ရေးခြင်းမဟုတ်၊ ပြင်ဆင်ခြင်း**

"သတိမမူ၊ ဂူမမြင်" ဖြစ်တတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဆောင်ရွက်နေကြခြင်းသာ ဖြစ်ပါသည်။ အသစ်ရေးဆွဲနေခြင်းမဟုတ်။ ဥပဒေကြမ်း၏ အမည်အပြည့်အစုံကို ဖတ်ကြည့်ပါ။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ဟု ဖော်ပြထားသည်။ **ပြင်ဆင်သည့် ဥပဒေကြမ်း**ပါပဲ။

**ဥပဒေကြမ်းနှစ်စောင်**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှစ်စောင်ရှိသည်။ ပထမဥပဒေကြမ်း (၁၁-၆-၂၀၁၅) တွင် ပုဒ်မ ငါးခုပါသည်။ အများပြည်သူစိတ်ဝင်စားသည့် ပုဒ်မ ၅၉ နှင့်ပုဒ်မ ၄၃၆ အကြောင်း ဖော်ပြသည်။ ကျယ်ကျယ်ပြန့်ပြန့် အကြံပြုနိုင်ကြသည်။ ဒုတိယမူကြမ်း (၁၂-၆-၂၀၁၅) တွင် ပုဒ်မပေါင်း ၃၀ ပါရှိသည်။ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့်လုပ်ငန်းများ ဖြည့်စွက်ထားသည်။ ပြည်ထောင်စုအဆင့်မှ တိုင်း/ပြည်နယ်အဆင့်သို့ ဥပဒေပြုခွင့်ခွဲဝေတိုးမြှင့်စေခြင်းဟု လေ့လာစိစစ်နိုင်ပါမည်။ လိုတိုး ပိုလျှော့ သုံးသပ်မှုပြုနိုင်ကြပါမည်။ အကြံပြုနိုင်ပါမည်။

**ဇယား ၁ နှင့် ၂**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တွင် ဇယား ၁ နှင့် ၂ ရှိသည်။ ဇယား ၁ မှာ ပြည်ထောင်စုဥပဒေပြုစာရင်း (ပုဒ်မ ၉၆ ကို ရည်ညွှန်းသည်)ဖြစ်သည်။ ဇယား ၂ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း(ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသည်)ဖြစ်သည်။ မည်သို့ပြင်ဆင်သင့်ပါသလဲ။ တိုင်း/ပြည်နယ်မှ ပြည်သူများက ပို၍ လက်တွေ့ကျကျ ဝေဖန်သုံးသပ်အကြံပြုနိုင်ကြမည်။ အခြေခံဥပဒေ၏ အနှစ်သာရကို ရယူဖော်ထုတ်တတ်ကြပါစေဟုသာ ဆုမွန်ခြွေပါရစေ။

**အခြေခံဥပဒေပြင်ဆင်ခြင်းနည်းလမ်း**

ပြင်ဆင်ခြင်းနည်းလမ်းကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၃ တွင်-

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက အောက်ပါဖော်ပြချက်များအတိုင်း ပြင်ဆင်နိုင်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသောအဆိုကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။
(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါစေရ။ ဟူ၍ ပြဋ္ဌာန်းထားသည်။

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး**

အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းကြီးသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာ ရောက်ပါသည်။ အဘယ့်ကြောင့်နည်း။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၄ (ဇ)အရ "ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သော လူဦးရေရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် မိမိတို့ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားခြင်းကြောင့်ဖြစ်ပါသည်။ တည်ဆဲဥပဒေဖြစ်ပါသည်။

**ပြင်ဆင်မည့် အချက်များ**

ပြည်သူ့လွှတ်တော် / အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့်ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်း၊ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားသူကြီးများ ခန့်အပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များခန့်အပ်ခြင်း အပါအဝင် ပြည်သူ့ရေးရာ၊ ဘဏ္ဍာရေးရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်လျှပ်စစ်၊ စက်မှုလက်မှု၊ စီမံခန့်ခွဲရေးရာကိစ္စရပ်များ စသည် စသည်ဖြင့် ပြင်ဆင်မည့်အချက်များကို ဥပဒေမူကြမ်းများတွင် ဖော်ပြပြီးဖြစ်ပါသည်။ ပြည်သူများသိရှိလေ့လာအကြံပြုရန် တာဝန်ရှိပါသည်။ ပိုင်းခြားစိစစ်သုံးသပ်နိုင်မည်လည်းဖြစ်ပါသည်။ အသေးစိတ်ဖတ်ရှုလေ၊ အကြံပြုစရာတွေများလေလေဖြစ်ပါသည်။

**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူတို့၏ ဆန္ဒအစစ်အမှန်ကို ဥပဒေနှင့်အညီရယူကာ အခြေခံဥပဒေကို ပြင်ဆင်နိုင်ပါမည်။ ပြည်သူအပေါင်း လက်လွှတ်မခံ၊ ဆန္ဒအစစ်အမှန်ဖြင့် ပြည်သူတို့ကိုယ်တိုင် ပြင်ဆင်ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် သမိုင်းမော်ကွန်းတင်ရစ်မည်ဖြစ်ပေသည်။

**ပြည်သူ့အသံ၊ လွှတ်တော်အသံ**

အထူးအားဖြင့် ပြည်သူတို့ရွေးကောက်တင်မြှောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည်လည်း **"ပြည်သူ့အသံ၊ လွှတ်တော်အသံ" "ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ"** စသည့် ဆောင်ပုဒ်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အလေးပေးဆောင်ရွက်ကြမည်ဟု ယုံကြည်သည်။ ကိုယ်ကျိုးမဖက်၊ တိုင်းပြည်အတွက်ပါ။

**ဥပဒေပညာရှင်ဖြစ်မှ**

"ဥပဒေပညာရှင်ဖြစ်မှ ဥပဒေရေးဆွဲတတ်သည်"ဟူသော အယူအဆကို စွန့်လွှတ်စေလိုသည်။ ဥပဒေပညာရှင်မဟုတ်သော်ငြား နိုင်ငံရေးရာ၊ ပြည်သူ့ရေးရာအဖြာဖြာကို ပြည်သူတို့ သိကြသည်။ နားလည်ကြသည်။ နိစ္စဓူဝ တွေ့ကြုံကြလေ့ရှိသည်။ ဥပဒေပုဒ်ထီးပုဒ်မများ တင်ပြရန် မလို။ အချက်အလက်များ၊ ဆန္ဒများ၊ ဘဝများကိုသာ တင်ပြရန်ဖြစ်သည်။ အချက်အလက်များသည် ဥပဒေများဖြစ်လာမည်။ လုပ်ထုံးလုပ်နည်းတွေကို ပညာရှင်တွေက ဆောင်ရွက်ကြမည်။ ပြည်သူ့ဆန္ဒဝိုင်းလုပ်ကြမည်။

**နိုင်ငံသားများထံမှ ဆင်းသက်**

**"နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"**ဟူသော အခြေခံမူကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၄ တွင် ဖော်ပြပြဋ္ဌာန်းထားသည်။ နိုင်ငံသားပြည်သူအပေါင်း၏ ဆန္ဒအစစ်အမှန်၊ အမြင်အမျိုးမျိုးဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများအား လေ့လာအကြံပြုသင့်ကြပါကြောင်း. . . .။

**တင်ပြချက်**

(၁) အခြေခံဥပဒေပြင်ဆင်ရေး၊ တက်တက်ကြွကြွ အကြံပေး။
(၂) ပြည်သူ့ဆန္ဒ ရေးဆွဲကြ၊ ရေရှည်လှပ အုတ်မြစ်ချ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ရေကူးအသံလွှင့်ရုံဝင်း မြေနေရာစီမံကိန်းကိစ္စအရေးကြီးအဆို ဆုံးဖြတ်ချက်အပေါ်ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇွန် ၁၈

**ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ(အောက်ပုံ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ဥပဒေကြမ်း(၄)ခုအား မှတ်တမ်းတင်ခြင်း၊ ရေကူးအသံလွှင့်ရုံဝင်း မြေနေရာစီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။**



ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ယင်းနောက် **ရေကူးအသံလွှင့်ရုံဝင်း မြေနေရာစီမံကိန်းကိစ္စအရေးကြီးအဆို ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ပြန်ကြားချက်**နှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ယင်းစီမံကိန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းစီမံကိန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းဆွေးနွေးချက်များကို လွှတ်တော်တွင် မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရာ လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြသည်။

ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညား အောင်မိုးက အမျိုးသားလွှတ်တော်က တင်ပြထားသည့် ပညာရေးဥပဒေကြမ်းတွင် သင်ယူသူများ အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့် စဉ်းစားတွေးခေါ် မြော်မြင်မှုများ ရရှိစေပြီး လက်တွေ့ဘဝနှင့် ကိုက်ညီမှုရှိသည့် သင်ရိုးညွှန်းတမ်းများဖြစ်ပေါ်စေရေးသည် လက်တွေ့ကျသည့် ပညာရေးစနစ် အကောင်အထည်ဖော်ရန် အရေးကြီးသည့် အချက်တစ်ချက်လည်း ဖြစ်ပါကြောင်း၊ နှုတ်တိုက်အလွတ်ကျက် စနစ်ဖြစ်သည့် လက်ရှိစာမေးပွဲစနစ်များမှ ရုန်းထွက်ရန် အရေးကြီးပါကြောင်း၊ မူလတန်း၊ အလယ်တန်း မသင်မနေရ ပညာရေးတွင် ကျေးလက်ဒေသများ၌ စိုက်ပျိုးမွေးမြူရေးဗဟုသုတရရှိရန်နှင့် မြို့ပြများ၌ ဘဝတစ်လျှောက်လုံး အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာများကို ကျောင်းနေအရွယ်ကပင် သင်ကြားပေးသွားရန် လိုအပ်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားများအတွက် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် သင်ကြားပေးမည်ဆိုပါက အဆင်မပြေနိုင်ပါကြောင်း၊ ထို့အတွက် ပညာရေးသင်ရိုးညွှန်းတမ်းများရေးဆွဲသည့်အခါ တိုင်းရင်းသားဘာသာဖြင့် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တိုင်းရင်းသားပညာရှင်များ၏ အကူအညီဖြင့် ရေးဆွဲပြဋ္ဌာန်းသွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးတင်ယုက သင်ယူသူများ၏ ဘဝတစ်လျှောက်လုံး အသုံးဝင်သည့် အသိပညာ၊ အတတ်ပညာစွမ်းရည်များနှင့် စဉ်းစားမြော်မြင်မှုများရရှိစေပြီး လက်တွေ့ဘဝနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများ ဖြစ်စေရေးကို အမျိုးသားလွှတ်တော်က အတည်ပြုထားသော်လည်း ပြည်သူ့လွှတ်တော်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီက ပယ်ဖျက်ထားပါကြောင်း၊ ယခုလိုပယ်ဖျက်သည့်အတွက် ပညာရေးသင်ရိုးညွှန်းတမ်း၏ အဓိကစံနှုန်းကိုပယ်ဖျက်ရာရောက်သည့်အတွက် ပညာရေးအဆင့်အတန်းကို ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် ပညာရေးသင်ရိုးညွှန်းတမ်းစံနှုန်း ပြည့်စုံကောင်းမွန်စေရန်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုထားသည့်အတိုင်း အတည်ပြုပေးပါရန် ဆွေးနွေးသည်။

ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီက အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် ဥပဒေကြမ်း၏ ပုဒ်မ(၂၇) အရဖွဲ့စည်းသော ကော်မတီဆိုသည်မှာ တက္ကသိုလ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းနိုင်သည့် အဆင်မြင့်ပညာ ပေါင်းစပ် ညှိနှိုင်းရေးကော်မတီကို ဆိုလိုပါကြောင်း၊ တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါက တက္ကသိုလ်ကောင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် အဆင်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာပညာရေး ဥပဒေတွင်ပြဋ္ဌာန်းပေးရမည်ဟု ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊ ယခုလို ထည့်သွင်းရေးဆွဲထားခြင်းသည် နောင်ဖြစ်ပေါ်လာမည့် ဆက်စပ်ဥပဒေများအတွက် အထောက်အကူဖြစ်စေရန် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဟောပြော

**ရန်ကုန် ဇွန် ၁၈**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်ပိုင်းခရိုင် ဒုတိယခရိုင် ဥပဒေအရာရှိဒေါ်ခင်သီတာက မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ အမှတ်(၃) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးမြင့်အောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယနေ့လူငယ်များအကြောင်း၊ သုံးစွဲခြင်းမှ နောက်ဆက်တွဲခံစားရမှုအခြေအနေတို့ကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများ၏ သိလိုသည့် မေးမြန်းချက်များကို ဒုရဲမှူးက ပြန်လည်ဖြေကြားပြီး ဟောပြောကြသူများကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှတာဝန်ရှိသူများက လက်ဆောင်များပေးအပ်သည်။

**(ပညာရေး)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြော

**ညောင်လေးပင် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ (အထက) ကျောင်းရှိ နဝဒေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့်နံရံကပ်စာစောင်ပြပွဲများကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ဆရာကြီး ဦးအောင်ဌေး(အထက်တန်းပြ) က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်နီနီဝင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဆိုးကျိုးများအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲများကို မြို့နယ် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများက ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မားစ်ရောဂါအကြောင်း အသိပညာပေး ဟောပြောမည်

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)က ဦးဆောင်ကျင်းပမည့် Middle East Respiratory Syndrome (MERS) မားစ်ရောဂါအကြောင်း သိကောင်းစရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရန်ကုန်ခန်းမဆောင်(အေ)၌ ဇွန် ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာဇော်လင်းအောင်၊ ပါမောက္ခ ဒေါက်တာကြည်ကြည်သင်း၊ ဒေါက်တာစိုးလွင်ငြိမ်းတို့က ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



## နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆက်သွယ်ရေးအဖွဲ့ အစည်းများ ထူထောင်ရန် သဘောတူညီ

**ကူမင်း ဇွန် ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ဟိုင်ကင်ခန်းမ၌ ဇွန် ၁၄ ရက်ကကျင်းပသည့် တရုတ်-မြန်မာရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် နိုင်ငံတကာဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေး ဒေါက်တာဇော်ဦး၊ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Gao Shuxun နှင့် နှစ်နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်၏ သုတေသနပြုလေ့လာခြင်း၊ တည်ဆောက်ရေးအစီအစဉ်များနှင့် ရည်မှန်းချက်များ၊ အခြားနိုင်ငံနှင့် ဒေသများတွင် နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်မှုလုပ်ငန်းစဉ်၏ ဖွဲ့စည်းတည်ဆောက်မှုလုပ်ငန်းအခြေအနေများ မိတ်ဆက်ဆွေးနွေးတင်ပြခဲ့ကြပြီး မြန်မာတရုတ်နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်မှုလုပ်ငန်းစဉ်တွင် လိုအပ်လျက်ရှိသော သုတေသနလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပုံရေးဆွဲထူထောင်ရန်နှင့် နှစ်နိုင်ငံ၏ အဆိုပါပူးတွဲ လုပ်ငန်းအဖွဲ့တွင် ပါဝင်မည့် အမည်စာရင်းအား တင်ပြရန် အကြံပြုခဲ့ကြောင်း၊ မြန်မာတရုတ်နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက်တွင် အပြန်အလှန်ဆက်သွယ်ရေး အဖွဲ့အစည်းများ ထူထောင်ရန် သဘောတူညီခဲ့ကြပြီး ဆက်သွယ်ရမည့်အဖွဲ့အစည်းသည် ပူးပေါင်းဆောင်ရွက်မှု၏ နေ့စဉ်လုပ်ငန်းရပ်များကို တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို အပြန်အလှန် လေးစားမှု၊တန်းတူညီမျှမှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုစသည့် အခြေခံမှုပေါ်တွင် ရင်းနှီးပွင့်လင်းစွာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲ မှတ်တမ်းအား နှစ်ဦးနှစ်ဖက် အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။**(အောက်ဝဲပုံ)**

အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာန၊ တရုတ်နိုင်ငံယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲပြည်သူ့အစိုးရ၊ တရုတ်နိုင်ငံ ရွှေလီနိုင်ငံတော်အထူးအလေးပေး စီးပွားရေးတံခါးဖွင့် စမ်းသပ်ရေးဇုန်စီမံအုပ်ချုပ်ရေးကော်မတီတို့မှ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ပူးတွဲသုတေသနလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ၂၀၁၅ခုနှစ် ဒီဇင်ဘာမကုန်မီကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ **(သီသီမင်း)**

# ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်း၊ အလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**စိန့်ပီတာစဘတ် ဇွန် ၁၈**

ရုရှားနိုင်ငံတွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် မော်စကိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စိန့်ပီတာစဘတ်မြို့ ပူးလ်ခါဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် (၁၉)ကြိမ်မြောက် စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် Len Expo အဆောက်အအုံသို့ရောက်ရှိကြပြီး ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Alexei V. Ulyukaev နှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် စိန့်ပီတာစဘတ် မြို့ Len Expo အဆောက်အအုံရှိ ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနှင့် ရုရှားနိုင်ငံအကြား ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သော နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အနေဖြင့် ကော်မရှင်၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း စီးပွားရေးကဏ္ဍ အသီးသီးတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန် မြှင့်တင်သွားရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ရုရှားနိုင်ငံ စီးပွားရေးရာ ဒုတိယဝန်ကြီးချုပ် Mr.Arkady Dvorkovich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ Len Expo အဆောက်အအုံရှိ ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်း၊ အလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ယနေ့ကျင်းပသည့် (၁၉)ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ခင်းကျင်းပြသထားသည့်ပြခန်းများအား လိုက်လံကြည့်ရှုလေ့လာကြသည်။



**ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr.Alexei V.Ulyukaev တို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

ယင်းဖိုရမ်ကို ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများနှင့် ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ရုရှားနိုင်ငံနှင့် နိုင်ငံတကာကုမ္ပဏီများမှ အဆင့်မြင့် အမှုဆောင်အရာရှိချုပ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ စီးပွားရေး အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာကိုယ်စားလှယ်များနှင့် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများမှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အားပေးထောက်ပံ့မှုဖြင့် ၂၀၀၆ ခုနှစ်ကတည်းက ကျင်းပခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာတွင် အရေးပါသည့် အခမ်းအနားများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

ယခုနှစ် ကျင်းပသည့် စိန့်ပီတာစဘတ်အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်၏ ခေါင်းစဉ်ဖြစ်သည့် "လက်တွေ့ဆောင်ရွက်ရန် အချိန် တည်ငြိမ်ရေးနှင့် တိုးတက်ရေးအတွက် ဘုံလမ်းကြောင်း (Time to Act: Shared Paths to Stability and Growth)" သည် နိုင်ငံတကာဘဏ္ဍာရေးစနစ်နှင့် စွမ်းအင်လုံခြုံရေး နယ်ပယ်များတွင် ကြီးမားသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာ့စီးပွားရေးအခြေအနေကို ထင်ဟပ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ရုရှားနိုင်ငံ စီးပွားရေးရာ ဒုတိယဝန်ကြီးချုပ် Mr.Arkady Dvorkovich တို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

## စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းအမှတ်စဉ်(၆) ဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော (၆)ကြိမ်မြောက် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်း အခြေခံ လမ်းညွှန်သင်တန်းတွင် လယ်တွင်းသားစောချစ်၊ မောင်ခင်မင် (ဓနုဖြူ)၊ မနုဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ချစ်နိုင် (စိတ်ပညာ)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ နွမ်ဂျာသိုင်း၊ ဟိန်းလတ်၊ ဒေါက်ထွေး (ဆေး/မန်း)၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး (လှိုင်)၊ မျော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ မောင်စိုးထိုက် (သုံးဆယ်)၊ တင်အောင်ရွှေ (သုတေသီ)နှင့် အခြားနာမည်ရ စာရေးဆရာကြီးများက သင်ကြားပို့ချကြမည်။ သင်တန်းကာလကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ အပတ်စဉ် (တနင်္လာနေ့မှ စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်။ သင်တန်းတက်ရောက်လိုသူသည် သင်တန်းကြေးငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်။ အသက် (၁၆)နှစ် ပြည့်ပြီးသူဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ် (၁၇၃/၁၇၅) (၇) လွှာ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တို့တွင် စုံစမ်း၍ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၁၅ ရက်ထိ နောက်ဆုံးထားပြီး ဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ် ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်ကျတင်သွင်းလာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သိရသည်။ ယခင်အပတ်စဉ်(၅)တွင် သင်တန်းသား ၇၀ ကျော် တက်ရောက်ခဲ့သည်။ **(ဖိုးသန့်)**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာရေပိုင်နက်အတွင်း တစ်ဖက်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးအား လက်နက်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းကျွန်းချောင်းဝနှင့် ရွက်ညိုတောင် ချောင်းဝအကြား နတ်မြစ်၏ မြန်မာ့ရေပိုင်နက်အတွင်း နယ်မြေစိုးမိုးရေး လှည့်ကင်းဆောင်ရွက်နေသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ မသင်္ကာဖွယ်ရာ စက်လှေတစ်စင်းနှင့် လူသုံးဦးအားတွေ့ရှိ၍ စစ်မေးရန် ခေါ်ယူစဉ် အဆိုပါစက်လှေမှ စတင်ပစ်ခတ်ရာ နှစ်ဖက်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ရေတွင်းကျွန်းချောင်းဝ ကင်းစခန်းမှ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များသည် နယ်စပ်ခြံစည်းရိုးတစ်လျှောက် လှည့်ကင်းဆောင်ရွက်စဉ် ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲခန့်တွင် ရေတွင်းကျွန်းချောင်းဝနှင့် ရွက်ညိုတောင် ချောင်းဝအကြားသို့အရောက် မြန်မာရေပိုင်နက်အတွင်း မသင်္ကာဖွယ်ရာ စက်လှေတစ်စင်းနှင့် လူသုံးဦးအား တွေ့ရှိ၍ စစ်ဆေးမေးမြန်းရန် ခေါ်ယူခဲ့ရာ ယင်းစက်လှေပေါ်မှ လက်နက်ငယ်ဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် လှည့်ကင်းအဖွဲ့က ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါ သုံးဦးမှာ စက်လှေဖြင့် ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း စက်နှိုးမရ၍ ခုန်ချထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ တစ်ဖက်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ယူနီဖောင်းဝတ်ထားသူ တစ်ဦးအား အမ်(၂၂) သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည် ၂၁ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမေးမြန်းလျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်တစ်ဦး ယာခြေဖဝါး လက်နက်ငယ်တစ်ချက်ထိမှန် (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



**ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာရေပိုင်နက်အတွင်း တစ်ဖက်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးအား လက်နက်နှင့်အတူ ဖမ်းဆီးရမိစဉ်။ (မြဝတီ)**

ဖမ်းဆီးရမိသူမှာ တစ်ဖက်နိုင်ငံ ဒုံဒုံမျှာစခန်းမှ မြန်မာနိုင်ငံပိုင်နက်အတွင်းသို့ ကျူးဝင်လာသော လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ထွက်ပြေးသွားသူနှစ်ဦးမှာလည်း အဆိုပါစခန်းမှ တပ်ဖွဲ့ဝင်များဖြစ်ကြောင်း ဖော်ထုတ်ရရှိသည့်အတွက် တစ်ဖက်နိုင်ငံ တာဝန်ရှိသူများထံသို့ ကန့်ကွက်ထားရှိပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဥရောပသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ စတဗ်ရို့စ် လမ်ဘရီးနီးဒီးစ် ဦးဆောင်သော ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့အား ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ဘိုးဘွားရိပ်သာ၊ ပရဟိတဂေဟာနှင့် မူကြိုကျောင်းများအား ထောက်ပံ့

**နေပြည်တော် ဇွန် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဇွန် ၁၆ ရက်တွင် ကျုံပျော်မြို့နယ် မန်းကြာ မြောက်ကျေးရွာသို့ ရောက်ရှိပြီး အဝတ်အထည်များနှင့် မိသားစုသုံး ပစ္စည်းများထောက်ပံ့ပေး၍ ဝန်ကြီးဌာနက လှူဒါန်းထားသည့် မူကြိုကျောင်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဆောက်လုပ်ဆဲကျုံပျော်မြို့ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၁၀ သိန်းနှင့် သွပ်များလှူဒါန်းခဲ့ကြောင်း သိရသည်။

ဇွန် ၁၇ ရက်တွင် ပုသိမ်မြို့ အိမ်တွင်းမှုလုပ်ငန်းပညာသင်ကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ဟိုတယ်၌ ကျင်းပသောဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ လပွတ္တာခရိုင်၊ မအူပင်ခရိုင်၊ မြောင်းမြခရိုင်နှင့် ဟင်္သာတခရိုင်အတွင်း ထပ်မံပေးပို့သော အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီးဝါကြီးများအား ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများပေးအပ်ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထောက်ပံ့ငွေပေးအပ်ပွဲ၊ လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များမွမ်းမံသင်တန်း (၁၀/၂၀၁၅)ဖွင့်ပွဲတွင် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားသို့ မတက်ရောက်နိုင်သော သက်ကြီးဝါကြီး ခြောက်ဦး၏ အတူနေမိသားစုဝင်များအား ဂုဏ်ပြုလွှာများနှင့်ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပုသိမ်ခရိုင်အတွင်းရှိ ဘိုးဘွားရိပ်သာ တစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ သုံးခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၃၂ ကျောင်းတို့အတွက် ငွေကျပ် ၃၈၁ ဒသမ ၆၈ သိန်း၊ လပွတ္တာခရိုင်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတစ်ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းတို့အတွက် ငွေကျပ် ၆၈ ဒသမ ၈ သိန်း၊ မအူပင်ခရိုင်အတွင်းရှိ ဘိုးဘွားရိပ်သာတစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ တစ်ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း လေးကျောင်းတို့အတွက် ငွေကျပ် ၅၉ ဒသမ ၄ သိန်း၊ မြောင်းမြခရိုင်အတွင်းရှိ ဘိုးဘွားရိပ်သာ လေးခု၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ သုံးခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းတို့အတွက် ငွေကျပ် ၂၂၁ ဒသမ ၁၂ သိန်း၊ ဟင်္သာတခရိုင်အတွင်းရှိ ဘိုးဘွားရိပ်သာ တစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ငါးခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၂ ကျောင်းတို့အတွက် ငွေကျပ် ၃၆၈ ဒသမ ၁၇ သိန်း၊ ဝါးခယ်မမြို့နယ် ကျုံပြင်၊ ရွှေလောင်း၊ ထန်းလေးပင်၊ ဖိုးခမီ၊ ဒေါင့်ကျေးရွာများရှိ လေဘေးသင့်ပြည်သူ ၃၈၅ ဦးအတွက် ငွေကျပ် ၂၅ သိန်း၊ အိမ်မဲမြို့နယ် အထက်ပိုင်းရပ်ကွက်၊ ထိန်ငူ၊ ရေသိုးကျေးရွာများရှိ လေဘေးသင့်ပြည်သူ ၂၂၇ ဦးအတွက် ငွေကျပ် ၁၆ ဒသမ ၇၈၂ သိန်း စုစုပေါင်း ငွေကျပ် ၁၁၄၀ ဒသမ ၉၅ သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးသည်။ **(သတင်းစဉ်)**

**● ကျောဖုံးမှ**

မွန်ကမ်းရိုးတန်းကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းအမြင့် ငါးပေမှ ရှစ်ပေခန့်နှင့် တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းအမြင့် ရှစ်ပေမှ ၁၀ ပေခန့်အထိ ရှိနိုင်ကြောင်း သိရသည်။

"ဘင်္ဂလားပင်လယ်အော်မှာလည်း မုတ်သုံလေ အင်အားက အားကောင်းတဲ့အဆင့်ကို ရောက်လာတယ်။ အဲဒီလိုရောက်လာတဲ့အချိန်မှာ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးဘက်မှာ လှိုင်းလေကြီးမယ်။ လေတိုက်တာများမယ်။ လေက တစ်နာရီမိုင် ၃၀ ကနေ ၄၀ လောက်တိုက်မယ်။ လှိုင်းက ရှစ်ပေကနေ ၁၀ ပေလောက်အထိ ရှိမယ်။ အဲဒီအချိန်မှာ ဘင်္ဂလားပင်လယ်အော်ရဲ့ အလယ်ပိုင်းနဲ့ မြောက်ပိုင်းအစပ်လောက်မှာ လေတိုက်ဝန်း တစ်ခုဖြစ်မယ်။ အဲဒီဖြစ်တဲ့လေတိုက်ဝန်းက မြန်မာပြည်ကိုတော့ မဖြတ်နိုင်ပါဘူး။ လေတိုက်ဝန်းအဖြစ်နဲ့ပဲ လေဖိအားနည်းရပ်ဝန်းဖြစ်လာမှာပေါ့။ အနည်းဆုံးတော့ လေဖိအားနည်းရပ်ဝန်းပေါ့။ အခြေအနေပေးရင်တော့လည်း မုန်တိုင်းငယ်ပေါ့။ ဖြစ်လာဖို့ရှိတယ်လို့ခန့်မှန်းချက်ကပေးထားပါတယ်။ အဲဒီခန့်မှန်းချက်ကို ကျွန်တော်က ကြိုတင်ပြီး သတိပေးတာပါ။ မုန်တိုင်းဖြစ်ဖို့ မဖြစ်ဖို့က အခြေအနေအရကတော့ ခန့်မှန်းချက်ဆိုတော့ စောင့်ကြည့်ရမှာပေါ့။ သေချာတာကတော့ မုတ်သုံလေအားကောင်းမယ်။ လှိုင်းလေကြီးမယ်။ နောက်ထပ်အရေးကြီးတာကတော့ မုန်တိုင်းဖြစ်လာသည့်တိုင်အောင် မြန်မာပြည်ကိုတော့ မဝင်ဘူး။ မြန်မာပြည်ကို အန္တရာယ်မပေးဘူး။ အိန္ဒိယဘက်ပဲသွားမယ်ဆိုတာလေးကို အဓိကပြောချင်တာပါ" ဟု မိုးလေဝသပညာရှင် ဦးထွန်းလွင်ကပြောသည်။



မိုးလေဝသပညာရှင် ဦးထွန်းလွင်။

ယင်းသို့ မုတ်သုံလေအားကောင်းလာမှုကြောင့် နောက်ဆက်တွဲ သက်ရောက်လာနိုင်မှုများအနေဖြင့် တစ်ပတ်အတွင်း မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းဒေသများ၌ မိုးရွာသွန်းမှုများဖြစ်ပေါ်လာနိုင်ပြီး တစ်ပြည်လုံးတွင် မိုးရွာနိုင်သည့် အနေအထားရှိကြောင်း၊ တစ်ပြည်လုံးတွင် မိုး ရွာလာနိုင်သော်လည်း နေရာကွက်ကျားနှင့် နေရာကျဲကျဲ မိုးရွာနိုင်သည်ဟု သိရသည်။ အထူးသဖြင့် သတိထားရမည့်အချက်မှာ တောင်ပိုင်းတနင်္သာရီ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင်ဖြစ်ပြီး ကမ်းရိုးတန်းဒေသများတွင်မူ လှိုင်းကြီး၍ မိုးကောင်းနိုင်ကြောင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းသည် ချင်းတွင်းမြစ်၏ မြစ်ဖျားပိုင်းဖြစ်ပြီး ကချင်ပြည်နယ်သည် ဧရာဝတီမြစ်၏ မြစ်ဖျားပိုင်းဖြစ်သောကြောင့် ရေဖုံးလွှမ်းမှုအန္တရာယ်များကို ကြိုတင်သတိပြုရမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်က ကြိုတင်သတိပေးပြောကြားခဲ့သည်။ **(ဆုနှင်းလဲ့)**

**❖ အေအက်ဖ်အက်ဖ်မှ**

သို့ရာတွင် အရှေ့တောင်အာရှနိုင်ငံများ ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်း ဝင်ရောက်ကစားနေသော်လည်း အစိုးရပိုင်းမှ ဝင်ရောက်စွက်ဖက်ခြင်း၏ နောက်ဆက်တွဲအဖြစ် ယခုနှစ် မေလအတွင်းက အင်ဒိုနီးရှားအသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ ပါဝင်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခံခဲ့ရခြင်းကြောင့် ယခုနှစ်ပြိုင်ပွဲတွင် ၁၂ အသင်းအနက် တစ်သင်းလျော့သွားခဲ့ရာ ခြောက်သင်းက တစ်အုပ်စု၊ ငါးသင်းက တစ်အုပ်စု စသည်ဖြင့် အုပ်စုနှစ်စုဖြင့်သာ ယှဉ်ပြိုင်ရန် အေအက်ဖ်အက်ဖ်က စီစဉ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ (၁၂)ကြိမ်မြောက် အေအက်ဖ်အက်ဖ် ယူ-၁၉ လူငယ်ချန်ပီယံရှစ် ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လာအိုနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်သည်။ **(ငွေကြယ်)**

**■ ကျောက်စာများမှ**

နိုင်ငံသားတိုင်း၏ တာဝန်အဖြစ် တစ်မျိုးသားလုံးက ပူးပေါင်းပါဝင်ထိန်းသိမ်းပေးကြပါရန် အကြံပြုပြောကြားခဲ့သည်။

"ပျူဘာသာစကားဟာ တက်ကျသံငါးမျိုးရှိတယ်။ ဒီတက်ကျသံငါးမျိုးကို အသံအနေနဲ့ တိကျစွာမဖော်ပြနိုင်ပေမယ့် အရေးအသားနဲ့ သင်္ကေတကိုကြည့်ပြီး ဖော်ထုတ်လို့ရပါတယ်ဆိုတဲ့ တိမ်မြုပ်နေတဲ့အချက်ကို တွေ့ရှိလာရပါတယ်။ ကျွန်တော် မြန်မာနိုင်ငံမှာရှိတဲ့ ကမ္ပည်းကျောက်စာချပ်ကြီး ၂၄ ချပ်မှာရှိတဲ့ ပျူအက္ခရာတစ်လုံးချင်းစီကို အချိုးကျလေ့လာတွေ့ရှိချက်အရ အက္ခရာအစက်သင်္ကေတတွေဟာ အသံအနိမ့်အမြင့်ကို ဖော်ပြတဲ့ သင်္ကေတတွေဖြစ်ပါတယ်။ ဆရာကြီးဦးသာမြတ်ရဲ့ စာအုပ်ထဲက အက္ခရာတွေနဲ့ ပုံသဏ္ဍာန်ကွဲလွဲနေတာကို တွေ့ရှိရပြီး စာအုပ်ထဲက အက္ခရာတွေနဲ့ ပျူစာတွေဖတ်ရာမှာ အဆင်မပြေမှုတွေရှိနေတဲ့အတွက် အခုလေ့လာတွေ့ရှိရတဲ့ ပျူအက္ခရာတွေကို ပြသဖို့ အချိန်ရောက်ပြီလို့ မျှော်လင့်မိပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင်ကျောက်စာပါ ကမ္ပည်းအက္ခရာများကို ဖျက်ဆီးပစ်နိုင်သလို ဖန်တီးလို့လည်း ရနိုင်သဖြင့် ထိုသို့ပြုလုပ်ခြင်းခံရပါက အမျိုးသားအမွေအနှစ်များ ပျက်စီးသွားရုံမက သမိုင်းအထောက်အထားများမှာလည်း ကမောက်ကမဖြစ်ကာ သုတေသနပြုလုပ်ရာတွင် အဖြေမှန်နှင့် အလှမ်းဝေးသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျောက်စာတွေကို ထုံးတို့ ဆေးတို့ပြီး ရေးခဲ့တာတွေဟာ ဖျက်ဆီးတဲ့သဘောပါပဲ။ သုတေသနပြုတော့မယ်ဆိုရင် ဒီလိုလုပ်ထားတာတွေကို အရင်ဆုံး ရေဆေးပြီး ပြုပြင်ရတဲ့အတွက် ရေတိုက်စားပြီး ကျောက်မှုန်လေးတွေဟာ ပွဲပါသွားတော့ ဆုံးရှုံးမှုတွေ ဖြစ်စေပါတယ်။ ဒါကြောင့် ကျောက်စာတွေကို တွေ့ရှိရာနေရာမှာထားမယ့်အစား လုံခြုံစိတ်ချရမှုရှိတဲ့ နိုင်ငံတော်ပြတိုက်(သို့မဟုတ်) အမျိုးသားကျောက်စာရုံတွေမှာထားပြီး မည်သူမဆို ဝင်ရောက်လေ့လာကြည့်ရှုကူးယူနိုင်မယ့်အခြေအနေမျိုးကိုလည်း သက်ဆိုင်ရာကဖန်တီးပေးမယ်ဆိုရင် အလွန်ကောင်းမှာပါ"ဟု ၎င်းက အကြံပြုပြောကြားခဲ့သည်။

ပျူစာပေအရေးအသားများနှင့် ပတ်သက်၍ ကမ္ပည်းကျောက်စာများရေးထိုးရာတွင် ဘာသာစကားနှင့် အက္ခရာကို သီးသန့်တွဲ၍ အသုံးပြုခဲ့သော အထောက်အထားများအစဉ်အဆက်ရှိခဲ့ကြောင်းကို မိမိအနေဖြင့် လေ့လာတွေ့ရှိချက်အရသိရှိခဲ့ကြောင်းနှင့် ဘာသာစကားနှင့် အက္ခရာစာအရေးအသားတို့သည် သမိုင်းနောက်ခံ မတူကြောင်းကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ ဘာသာစကားများ၏ အသံနှင့် စကားလုံးများသည် ဘာသာမျိုးနွယ်များနှင့်သာသက်ဆိုင်ကာ အက္ခရာစာအရေးအသားသည် ယဉ်ကျေးမှုနှင့် သက်ဆိုင်သည်ဆိုခြင်းကို သိရှိစေလိုပါသည်ဟု ပြောကြားခဲ့ပြီး ယခုအသစ်တွေ့ရှိခဲ့သော သာစည်မြို့နယ် ဆင်ရွာမှ ကျောက်စာတွင် ထူးခြားသောအက္ခရာများကို တွေ့ရှိရပြီး ဆက်လက်လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် ဟန်လင်း၊ မိုင်းမော၊ သရေခေတ္တရာ ပျူကျောက်စာများထက် အနည်းငယ်နောက်ကျမှုရှိနိုင်ကြောင်းကို အက္ခရာစာလုံးများရေးဆွဲထားမှုအပေါ် နှိုင်းယှဉ်ချက်အရ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် တွေ့ရှိရသော ကျောက်စာများအားလုံးသည် သက္ကတကို ဒေဝနာဂရီအက္ခရာနှင့်ရေးသား၍ ပါဠိကို အိန္ဒိယတောင်ပိုင်းသုံးအက္ခရာတစ်မျိုးမျိုးဖြင့် အသုံးပြုရေးသားပြီး ပျူလူမျိုးတို့သည် ပျူစာပေကို မိမိတို့ပိုင် သီးသန့်အက္ခရာ အရေးအသားစနစ်နှင့်ရေးသားကာ မွန်လူမျိုးများအနေဖြင့် မွန်-မြန်မာအက္ခရာဖြင့် ရေးသားသည့်စနစ်ကို ယနေ့ ပေတောကုန်းကျောက်စာအထိ တောက်လျှောက် တညီတညွတ်တည်း လေ့လာတွေ့ရှိရကြောင်း မြန်မာနိုင်ငံရှိ ပျူကျောက်စာများမှ ပျူအက္ခရာသဏ္ဍာန်နှင့် ပျူစာလုံးများလေ့လာချက်ခေါင်းစဉ်ဖြင့် သုတေသနပြုခဲ့သူ ဒေါက်တာမောင်မောင်ဆွေက ပြောကြားခဲ့သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

**✱ အရှေ့တောင်အာရှမှ**

ကျပ်ငါးသိန်းဝန်းကျင်ခန့်ရှိသော P8 စမတ်ဖုန်းကို နောက်ဆုံးပေါ်နည်းပညာများ၊ အဆင့်မြင့်ကင်မရာနှင့်အတူ မိတ်ဆက်ရောင်းချခဲ့ပြီး Huawei ၏ ဈေးကွက်ဝေစုအကြီးဆုံးဖြစ်သော မြန်မာနိုင်ငံသို့လည်း အများဆုံးရောင်းချသွားမည်ဟု သိရသည်။ P8 နှင့် အခြားတပ်ဆင်နိုင်သော ကိရိယာများ (Wearable Devices) ကို အရှေ့တောင်အာရှဈေးကွက်သို့ မိတ်ဆက်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည်ဟု သိရပြီး မြန်မာနိုင်ငံကလည်း Huawei P8 Brand Ambassador အဖြစ် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဝတ်မှုံရွှေရည်နှင့်အတူ မြန်မာအနုပညာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

Huawei ၏ Handset Product Line Huawei Consumer BG မှ President Mr. Kevin Ho က "အရှေ့တောင်အာရှဟာ Huawei ရဲ့ အဓိကဈေးကွက်ကြီးများထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဒီဒေသကို တင်ပို့မှုနှုန်း ၁၀ သန်းကျော် တင်ပို့ခဲ့ရပြီး Huawei ရဲ့စမတ်ဖုန်းတင်ပို့မှုနှုန်း သုံးသန်းကျော်တင်ပို့ခဲ့ရတယ်လို့ Huawei က တွေ့ရှိခဲ့ရပါတယ်။ ဒီနှစ်မှာ P8၊ P8 Max နဲ့ P8 Lite တို့ကိုမိတ်ဆက်ခဲ့ပြီး ကျွန်တော်တို့ရဲ့ စုစုပေါင်းတင်ပို့မှုအရေအတွက် ၁၆၀ ရာခိုင်နှုန်း (ရှစ်သန်း) ရရှိမယ်လို့မျှော်လင့်ထားပါတယ်" ဟု Mr. Ho က ပြောကြားသွားသည်။

၂၀၁၅ခုနှစ် ပထမသုံးလပတ်အတွင်း အရှေ့တောင်အာရှသို့ စမတ်ဖုန်းတင်ပို့မှုသည် ယခင်နှစ်ထက် ၁၂၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးHuawei ၏ Brand Awareness အများဆုံးရရှိတဲ့ ထိပ်ဆုံးငါးနိုင်ငံတွင်မြန်မာနိုင်ငံသည် နံပါတ်(၁) ဈေးကွက်ဝေစုအများဆုံးနိုင်ငံဖြစ်သည်ဟု သိရသည်။ အရှေ့တောင်အာရှ ဒေသအတွင်းတွင် မြန်မာနိုင်ငံသည် ဈေးကွက်ဝေစု ၅၀ ရာခိုင်နှုန်းကျော်ရရှိနေပြီးနံပါတ်(၁) ရောင်းအားအကောင်းဆုံးအဖြစ် ရပ်တည်လျက်ရှိနေသည်ဟု သိရသည်။ **(၀၀၁)**




# လမ်းဘေးအစွန်ယာဉ်ကြောပေါ်ရောက် မြေသားများဖယ်ရှားပေး၍ ယာဉ်ကြောအပြည့် ယာဉ်များမောင်းနှင်သွားလာနိုင်

**ရန်ကုန် ဇွန် ၁၈**

သီရိမင်္ဂလာဈေးသစ်အနီး ပိတောက်ချောင်းကူးတံတားမှစ၍ အုတ်ကျင်းမှတ်တိုင်အလွန်အထိ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး၏ ဝဲ၊ ယာနှစ်ဖက်တွင် မြေကြီး၊ မြောင်းချေး၊ အမှိုက်များ အစုအပုံလိုက်စွန့်ပစ်ထားသည်ကို မြင်တွေ့ရသည်။

စက်ယန္တရားဖြင့် လမ်းဘေး အစွန်ယာဉ်ကြော (မြို့ထဲမှလာသော လမ်းကြောင်း)ပေါ်ရောက်နေသော မြေသားအစိုင်အခဲများကို ဖယ်ရှားနေသည်ကို ဇွန် ၁၅ ရက်တွင် မြင်တွေ့ရပြီး စက်ဖြင့်မြေစိုင်ခဲများ ဖယ်ရှားခြင်း၊ ရေစီးရန်မြေစိုင်ခဲပုံများအကြား မြောင်းဖော်ခြင်းအပြင် လူအားဖြင့် လမ်းသားပေါ်တွင်ရှင်းလင်းသည်ကိုလည်း မြင်တွေ့ရသည်။ ယင်းသို့ ရှင်းလင်းပေးမှုကြောင့် ယာဉ်ပိတ်ဆို့မှုဖြစ်တတ်သော ဘုရင့်နောင်လမ်းကြောင်းတွင် ယာဉ်ကြောအပြည့် မောင်းနှင်သွားလာနိုင်ပြီဖြစ်ကြောင်း ကုန်ကား ယာဉ်လုပ်သား ကိုသေးက ပြောသည်။

ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ ထွက်ရှိသော မြေကြီးများ၊ မဆလာများအား လုပ်ငန်းခွင်ပြင်ပဖြစ်သော မြို့စွန်များသို့ သွားရောက်စွန့်ပစ်ရာတွင် ဝေးကွာသော ခရီးအကွာအဝေးကြောင့် ယာဉ်အသွားအလာနှင့် လူနေအိမ်ခြေနည်းသော နေရာများတွင် အလွယ်တကူစွန့်ပစ်ကြကြောင်း၊ ခရီးနီး၍ ညဘက်စွန့်ပစ်ရာတွင် ခေါက်ရေပိုရကာ မောင်းကြေးငွေပိုမိုရရှိကြောင်း မြေသယ်ယာဉ်တွင် အလုပ်လုပ်ခဲ့သူ ကိုစိုးမင်းက ပြောသည်။

အမှိုက်များကို ကားများဖြင့် မြို့ပြင်ရှိအမှိုက်စွန့်ပစ်ရာနေရာထိ သွားရောက်စွန့်ပစ်လျှင် စက်သုံးဆီပိုမိုကုန်ကျခြင်း၊ အမှိုက်စွန့်သည့် ငွေကြေးပေးဆောင်ရမှုများ ရှိတတ်သည့်အတွက် ယင်းကဲ့သို့ ယာဉ်အသွားအလာနှင့် လူနေအိမ်ခြေနည်းရာတွင် ညအချိန်စွန့်ပစ်တတ်သည်။

၂၀၁၄ ခုနှစ်အတွင်း အဆိုပါနေရာတွင် ယင်းကဲ့သို့ စုပုံမှုများမြင်တွေ့ရပြီးနောက် သက်ဆိုင်ရာမှတားမြစ်သတိပေးစာတန်းအနီများ ဓာတ်တိုင်အချို့တွင် ချိတ်ဆွဲလာသည်။ ယင်းနောက် လမ်းပေါ်ရောက်မြေသားများ ဖယ်ရှားခြင်းပြုလုပ်ပေးခဲ့သည်။

သို့သော် ယခုနှစ် နှစ်လယ်ကာလ မရောက်မီ လအနည်းငယ်အတွင်း လမ်းဘေးဝဲ၊ ယာနှစ်ဖက်တွင် ထပ်မံမြင်တွေ့ရသည်။ လမ်းသားချဲ့လိုသည့်အတွက် စုပုံသည်ဟု လမ်းသွားလမ်းလာအချို့ကပြောဆိုနေကြသည်။ သို့သော် အသိပေး တားမြစ်ချက်ဆိုင်းဘုတ်များမှာ မြေကြီးပုံများပေါ်တွင် မြင်တွေ့လာရ၍ တရားမဝင် စွန့်ပစ်ခြင်းဖြစ်သည်ဟု သိလာရကြောင်း ယင်းနေရာမှဖြတ်သွားသူ အိမ်စီးကားပိုင်ရှင် ဦးစိုးလင်းက ပြောသည်။

ထိုသို့ အသိပေးစာတန်းများ စိုက်ထူပြီးနောက်မကြာမီ လူအား၊ စက်အားဖြင့်ဖယ်ရှားရှင်းလင်းပေး၍ ယခုအခါ ယင်းနေရာတွင် ယာဉ်ကြောအပြည့်နှင့် လမ်းဘေးယာဉ်ကြောများတွင်ပါ ယာဉ်များမောင်းနှင်၍ ရလာသည်ဟု ဆိုသည်။

**(မောင်စေအောင်)**



**လမ်းဘေးအစွန်ယာဉ်ကြောပေါ်ရောက် မြေသားများအား ဖယ်ရှားရှင်းလင်းထားသည်ကို တွေ့ရစဉ်။**




# နွေစပါးအထွက်တိုးရေး ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဆောင်ရွက်ပေး

**ပွင့်ဖြူ ဇွန် ၁၈**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးဧက ၄၀၈၂၀ ရှိပြီး မိုးစပါးအချိန်မီဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာ ဦးစီးဌာန အမှတ် (၄၆) စက်မှုလယ်ယာ ထွန်စက်စခန်းမှ ရိတ်သိမ်းခြွေလှေ့စက်အမျိုးအစားKUBOTA / DKC 865 စက်များဖြင့် ပွင့်ဖြူမြို့နယ်အတွင်းရှိတောင်သူများအား ဝန်ဆောင်မှုပေးလျက်ရှိသည်။**(အပေါ်ပုံ)**

ဒေသခံ တောင်သူဦးကြီးများမှာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့်ရိတ်သိမ်းမှုကြောင့် အမိုးအကာအောက် ဆောလျင်စွာ ရောက်ရှိပြီး သီးနှံအရည်အသွေးကောင်းမွန်ကာ ဈေးကောင်းရရှိကြပြီး တောင်သူများ ဝင်ငွေတိုးမည်ဖြစ်ကာ မိုးစပါးအချိန်မီပျိုးထောင်စိုက်ပျိုးနိုင်ရန်အတွက် အစိုထယ်ရေး အလျင်အမြန်ပြုပြင်နိုင်မည် ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးမိုးကျော်က ရှင်းလင်းပြောပြခဲ့သည်။

**အောင်သူရ(ပွင့်ဖြူ)**

## ဒီမိုကရေစီ အနှစ်သာရခံစားလိုက အခွန်ပေးကြ

# မင်းဘူးဒေသ အိမ်ခြံမြေနှင့် ယာမြေဈေးကွက် အဝယ်လိုက်၍ ဈေးမြင့်တက်

**မင်းဘူး ဇွန် ၁၈**

မင်းဘူးမြို့နယ်ရှိ အိမ်ခြံမြေနှင့် ယာမြေဈေးနှုန်းများမှာ ယခုနှစ်ပိုင်းတွင် မင်းဘူး၊ စစ်တွေ(ရထားလမ်း၊ ကားလမ်း)စီမံကိန်းကြောင့် အဝယ်လိုက်ပြီး ဈေးနှုန်းမြင့်တက်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

ယင်းစီမံကိန်းများကြောင့် မြို့မဈေးအနီးပတ်ဝန်းကျင်တွင် (၆၀×၆၀)ပေ မြေတစ်ကွက်ကို ယခင်နှစ်ပိုင်းက ကျပ်သိန်း ၁၀၀၀ ကျော်ဝန်းကျင်မှ ယခုလပိုင်းများတွင် ကျပ်သိန်း ၃၀၀၀ မှ ၅၀၀၀ ထိ ဈေးမြင့်လာကြောင်း၊ ရွှေတပင်မြို့ကွက်သစ်တွင် ယခင် (၆၀×၆၀)ပေ မြေတစ်ကွက်ကို ကျပ်သိန်း ၄၀ ဝန်းကျင်မှ ယခုကျပ်သိန်း ၈၀ ဝန်းကျင်ထိရှိနေပြီး အေးမြသာယာမြို့ကွက်သစ်တွင် ယခင် (၆၀×၆၀)ပေ မြေတစ်ကွက်ကို ကျပ်သိန်း ၄၀၊ ၅၀ ဝန်းကျင်မှ ယခုသိန်း ၈၀၊ ၁၀၀ ထိ ဈေးမြင့်လာကြောင်း၊ မင်းဘူး၊ စစ်တွေကားလမ်းဘေးယာကွက်များမှာလည်း ယခင်တစ်ဧက ကျပ်သိန်း ၁၀၀ ဝန်းကျင်မှ ယခုကျပ် သိန်း ၃၅၀၊ ၄၀၀ အထိ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

"ဒီနှစ်ထဲမှာ ရန်ကုန်၊ မန္တလေးနဲ့ မကွေးဘက်တွေကနေ ဝယ်လက်တွေဆင်းနေကြတယ်။ တချို့က နေထိုင်ဖို့ဝယ်ပြီး တချို့က ဈေးကောင်းရရင်ပြန်ရောင်းဖို့ ဝယ်ကြတာတွေရှိတယ်"ဟု မင်းဘူးမြို့မှ အိမ်ခြံမြေအကျိုးဆောင် ကိုကျော်က ပြောသည်။

မင်းဘူး၊ စစ်တွေကားလမ်းနှင့် ရထားလမ်းစီမံကိန်းကြောင့် ယခုနှစ်ပိုင်းတွင် ကုမ္ပဏီများ၊ ငွေကြေးတတ်နိုင်သူများက ဝယ်ယူလာကြသဖြင့် အိမ်ခြံမြေနှင့် ယာမြေဈေးကွက်များ မြင့်တက်လာကြောင်း ၎င်းက ဆက်လက်ပြောသည်။

"မင်းဘူးမြို့အနောက်ဘက် ဘူတာရုံဝန်းကျင်နဲ့ မင်းဘူး၊ စစ်တွေကားလမ်းဘေးက ကန်ရေကျေးရွာ၊ ကုန်းသာကျေးရွာ၊ ဆင်ခေါင်းကျေးရွာများအထိ လာရောက်ဝယ်ယူကြတာကြောင့် ကားလမ်းဘေးယာကွက်များမှာ နေရာအလိုက်ဈေးအမျိုးမျိုးဖြင့် ရောင်းချနေရပါတယ်"လို့ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

အိမ်ခြံမြေနှင့် ယာမြေဈေးနှုန်းများမှာ ယခင်ကနှင့်မတူဘဲ မင်းဘူး၊ စစ်တွေကားလမ်း၊ ရထားလမ်းစီမံကိန်းကြောင့် ဟိုတယ်လုပ်ငန်း၊ တည်းခိုဆောင်လုပ်ငန်း၊ခရီးသွားလုပ်ငန်းများနှင့်ရင်းနှီးလုပ်ကိုင်လိုသူများကြောင့် ဘူတာရုံအနီး လမ်းဘေးမြေကွက်များမှာ ယခုလပေါက်ဈေး ကျပ်သိန်း ၁၀၀၀ ကျော်ထိ မြင့်တက်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

**ကိုကျော်(မင်းဘူး)**

## ပြည်တွင်းရေးရာ

# ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ခံ Cyclone Shelter ၄၅ လုံး ထပ်မံတည်ဆောက်ရန်လျာထား

**ဖျာပုံ ဇွန် ၁၈**

သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သော မြန်မာနိုင်ငံ၏ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသသို့ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီး၊ ရေလျှံခြင်း၊ မုန်တိုင်းဝင်ရောက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ရုတ်တရက်ကျရောက်လာပါက ဒေသခံပြည်သူများ အလွယ်တကူ အန္တရာယ်ကင်းစွာခိုလှုံနိုင်ရေးအတွက် မုန်တိုင်းဒဏ်ခံ Cyclone Shelter ၄၅လုံး ထပ်မံတည်ဆောက်ရန် လျာထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

မုန်တိုင်းဒဏ်ခံနိုင်သည့် Cyclone Shelter များကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာမြို့နယ်တွင် နှစ်ခု၊ ပြင်စလူမြို့နယ်တွင် ၁၉ ခု၊ ဟိုင်းကြီးကျွန်းတွင် ခြောက်ခု၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် တစ်ခု၊ ဖျာပုံမြို့နယ်တွင် တစ်ခု၊ ဘိုကလေးမြို့နယ်တွင် ၁၀ ခု၊ ဒေးဒရဲမြို့နယ်တွင် သုံးခု၊ ငပုတောမြို့နယ်တွင် သုံးခု ထပ်မံတည်ဆောက်ပေးရန် လျာထားကြောင်းသိရသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်း Cyclone Shelter ၅၄ လုံး တည်ဆောက်ထားရှိပြီး ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်သို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း ရောက်ရှိခဲ့စဉ်က ဒေသခံပြည်သူများက တောင်းဆိုခဲ့သဖြင့် ပင်လယ်ကမ်းစပ်ဒေသတစ်ခုဖြစ်သည့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ချောင်းပြဲကြီးကျေးရွာအုပ်စု ဇီးဖြူ ရွာမ၌ Cyclone Shelter တစ်ခုတည်ဆောက်ပေးလျက်ရှိရာ ဇွန်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။



“ကျွန်တော်တို့ဌာနအနေနဲ့ သဘာဝဘေးဒဏ်ကာကွယ်ဖို့ Cyclone Shelter တွေ ထပ်မံတည်ဆောက်ပေးဖို့ လျာထားဆောင်ရွက်နေသလို တစ်ဖက်မှာလည်း ဒေသခံပြည်သူတွေ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတတွေသိရှိဖို့နဲ့ သဘာဝဘေးရုတ်တရက်ကျရောက်လာခဲ့ရင် ပြည်သူတွေအနေနဲ့ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့အတွက် အခုကတည်းက ကြိုတင်ပြီး အသိပညာပေးဟောပြောပွဲတွေ၊ သင်တန်းတွေ၊ ဒေသခံပြည်သူတွေ ကိုယ်တိုင်ပါဝင်လေ့ကျင့်နိုင်တဲ့ သဘာဝဘေးဇာတ်တိုက်လေ့ကျင့်မှုတွေကို ကျွန်တော်တို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီများဖွဲ့စည်းပြီး သွားရောက်ပြုလုပ်ပေးလျက်ရှိပါတယ်” ဟု တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးသန်းစိုးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသသည် မိုးများပြီး မြစ်ချောင်းများ ပေါများသည့်အပြင် ပင်လယ်နှင့်နီးသည့် ဒေသတစ်ခုလည်းဖြစ်သဖြင့် ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသတစ်ခုလည်းဖြစ်ရာ Cyclone Shelter များအား လျာထားချက်အတိုင်း ထပ်မံတည်ဆောက်ပေးမည့်အချိန်ကို ဒေသခံပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



**ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးဝင်းဌေးအောင် ခေါင်းဆောင်သော အဖွဲ့ဝင် ရှစ်ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုးယားမမြို့ရှိ တိုးယားမ တက္ကသိုလ်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဇွန် ၁၇ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ လိုက်ပါပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (ကြေးမုံ)

# အခွန်ဆိုင်ရာပညာပေး ရှင်းလင်းပွဲကျင်းပ

**မူဆယ် ဇွန် ၁၈**

ပြည်တွင်းအခွန်များ ဦးစီးဌာန မူဆယ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အခွန်ဦးစီးမှူး ဦးဂျွန်စိန်ဂီက ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(၀၁၁၂)**

# ရေကြောင်းကုန်စည် အာမခံအမျိုးအစား ပုဂ္ဂလိကအာမခံကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပြုမည်

**နေပြည်တော် ဇွန် ၁၈**

မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိသော အာမခံအမျိုးအစားများမှ ရေကြောင်းကုန်စည် အာမခံအမျိုးအစားကို ပုဂ္ဂလိက အာမခံကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က တရားဝင်လိုင်စင်ထုတ်ပေးထားသော ပြည်တွင်းအာမခံကုမ္ပဏီများကို ရေကြောင်းကုန်စည်အာမခံစတင်ရောင်းချခွင့်ပြုမည်ဖြစ်ပြီး ဇွန်လအတွင်း စတင်ခွင့်ပြုပေးသွားမည်ဟု အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေး ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

“ရေကြောင်းကုန်စည်အာမခံကို ဒီလအတွင်း အာမခံကုမ္ပဏီတွေကို လုပ်ခွင့်ပြုပါမယ်။ မြန်မာ့အာမခံလုပ်ငန်းမှာသာမက ကုမ္ပဏီတွေနဲ့ ဆက်သွယ်လုပ်ကိုင်နိုင်ပါတယ်။ ကုမ္ပဏီတွေကို လုပ်ခွင့်ပေးထားတဲ့ အာမခံအမျိုးအစား ငါးမျိုး၊ ခြောက်မျိုးလောက်ရှိပါတယ်။ အခု ရေကြောင်းအာမခံပါ ပါဝင်လာပါတယ်”ဟု ဒုတိယဝန်ကြီးက ပြောသည်။

အာမခံ ကုမ္ပဏီများတွင် အာမခံထားရှိနိုင်သော အမျိုးအစားများမှာ မော်တော်ယာဉ်အလုံးစုံအာမခံ၊ အသက်အာမခံ၊ မီးအာမခံ၊ အပ်ငွေအာမခံ၊ သမာဓိအာမခံ၊ ငွေပို့ငွေလွှဲအာမခံ၊ အထူးခရီးသွားအာမခံတို့ဖြစ်ပြီး ယခုလအတွင်း ရေကြောင်းကုန်စည်အာမခံကို ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# အွန်လိုင်း၌ ညပိုင်းတွင် ကားရှာဖွေမှုအများဆုံးဖြစ်

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အွန်လိုင်းမှတစ်ဆင့် ကားဝယ်ယူသူများ၏ ရှာဖွေမှု ၅၅ ရာခိုင်နှုန်းမှာ ညနေ ၆ နာရီမှ ညလယ်ပိုင်းအထိဖြစ်ကြပြီး ကျန် ၁၅ ရာခိုင်နှုန်းမှာ အလုပ်ချိန်အတွင်း ရှာဖွေကြကြောင်း လိုင်းမော်တော်ယာဉ်ဈေးကွက်တစ်ခုဖြစ်သည့် Motors.com.mm မှ သုတေသနပြုထုတ်ပြန်ခဲ့သည်။

တစ်ကမ္ဘာလုံးရှိကားဝယ်သူများ၏ ၄၀ ရာခိုင်နှုန်းကမူ ညနေ၅နာရီကျော်မှ ၎င်းတို့ဝယ်ယူမည့်ကားများကို ရှာဖွေကြောင်း၊ ထို့ပြင် မိုဘိုင်းဖုန်းအသုံးပြုမှု မြင့်မားလာသည်နှင့်အမျှ အွန်လိုင်းမှ အရောင်းအဝယ်ပြုလုပ်မှုများတိုးပွားလျက်ရှိကြောင်းသိရသည်။

ပုံမှန်အားဖြင့်ကားဝယ်ယူရာ၌ ရောင်းချသည့်နေရာများသို့သွားရောက်ကြည့်ရှုကာ စမ်းသပ်မောင်းနှင်ပြီးမှသာ ဝယ်ယူလေ့ရှိကြသည်။ ကားရောင်းချသူများ၏ ရုံးခန်းများမှာ ညနေ၆နာရီခန့်တွင်ပိတ်သိမ်းလေ့ရှိသဖြင့် အလုပ်ခွင်ရှိ ကားဝယ်ယူမည့်သူများမှာ သီးခြားအချိန်မပေးနိုင်ခြင်းကြောင့် အွန်လိုင်းမှတစ်ဆင့်ရှာဖွေခြင်းများ များပြားလာကြောင်းသိရသည်။ အွန်လိုင်းငွေပေးချေခြင်း ထွန်းကားလျက်ရှိသည့် နိုင်ငံများတွင် ငွေပေးချေမှုအပါအဝင် ကားအရောင်းအဝယ်ပြုလုပ်ခြင်းများကို အွန်လိုင်း၌ပင် အပြီးအစီးပြုလုပ်လျက်ရှိကြောင်း သိရသည်။

“မိသားစုဝင်တိုးလာတော့ အတွင်းပိုင်းပိုကျယ်တဲ့ကားတစ်စီးလိုချင်မိတယ်။ ဒါပေမယ့်အလုပ်တွေမအားတာနဲ့ သီးခြားအချိန်မပေးနိုင်တာကြောင့် ကားဂျာနယ်တစ်ခုကတွေ့တဲ့ အက်ပလီကေးရှင်းကို စမ်းပြီးသုံးကြည့်ခဲ့တယ်။ ကျွန်တော်လိုချင်တဲ့ပုံစံနဲ့ ကိုက်တဲ့ကားကို ရောင်းဝယ်ရေးစင်တာတစ်ခုမှာတွေ့ခဲ့ပြီး ဈေးမှန်နဲ့ဝယ်ယူနိုင်ခဲ့တယ်” ဟု အွန်လိုင်းမှတစ်ဆင့်ဝယ်ယူခဲ့သည့် စမ်းချောင်းမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံရှိ ကားအရောင်းအဝယ်ပြုလုပ်သူနှင့်ကားဝယ်ယူသူအများစုမှာ အွန်လိုင်းကိုတွင်ကျယ်စွာ အသုံးပြုရှာဖွေခြင်းနည်းပါးနေသေးသော်လည်း တစ်စတစစ တွင်ကျယ်လာမည်ဖြစ်ကြောင်း အဆိုပါ အွန်လိုင်းဝက်ဘ်ဆိုက်က ခန့်မှန်းထားကြောင်းသိရသည်။ **(မြတ်စန္ဒီသင်းဇော်)**

# စားသုံးသူ အကာအကွယ်ပေးရေးဆွေးနွေး

**သရက် ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် စားသုံးသူအကာအကွယ်ပေးရေးဆွေးနွေးပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန သရက်မြို့တာဝန်ခံ ဦးသန်းစိန်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် စားသုံးသူများ၏ အခွင့်အရေးများ၊ သိကောင်းစရာများကို ဟောပြောပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အောင်လံမြို့နယ်တာဝန်ခံဦးကျော်မျိုးမင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာသန်းဌေးက စားသုံးသူရေးရာကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**ဇော်ထက်(သရက်)**





# ဖားကန့်မြို့တွင် ဒေသန္တရလက်လုပ်မိုင်းတစ်လုံးပေါက်ကွဲ ထိခိုက်ပျက်စီးမှုမရှိ

**နေပြည်တော် ဇွန် ၁၈**

အမှတ်(၁၄)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ လုံခြုံရေးတာဝန်ဆောင်ရွက်နေသော ကချင်ပြည်နယ် ဖားကန့်မြို့ မြို့မ ရပ်ကွက်ရှိ ဥတုရတနာကျောက်စိမ်းတောင်တံတားပေါ်သို့ ဇွန် ၁၇ ရက် နံနက် ၅ နာရီ ၁၀ မိနစ်က ဖားကန့်မြို့ ၄ှက်ပျောတော ရပ်ကွက်ဘက်မှ မောင်းနှင်လာသော SURF အမျိုးအစားယာဉ်ပေါ်မှ ရဲကင်းရှေ့ ၁၂ ပေခန့်အကွာ၌ ပလတ်စတစ်အထုပ်တစ်ထုပ်ပစ်ချပြီး ဆိပ်မူကျေးရွာဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ခဏအကြာတွင် အဆိုပါပလတ်စတစ်ထုပ်(ဒေသန္တရလက်လုပ်မိုင်း)မှ ပေါက်ကွဲခဲ့ရာ လမ်းပေါ်တွင် အကျယ်သုံးလက်မခန့်ရှိ ချိုင့်ငယ်ဖြစ်ပေါ်ခဲ့ပြီး လူ၊ ပစ္စည်းထိခိုက်မှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

### ❖ ရန်ကုန်မြို့မှ

ထိုစာအုပ်က လွန်ခဲ့သော ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလက တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး စာပေနယ်တွင် ဆင်ကလောင်ကြီးများ ဖြစ်ကြသည့် မောင်သိန်းဆိုင်၊ ချစ်စံဝင်း၊ နတ်နွယ်၊ တက္ကသိုလ်စိန်တင်၊ မောင်ဝဏ္ဏ၊ မောင်ဝံသ၊ မောင်မိုးသူ၊ ငွေးမောင် စသည့် ဆရာကြီးများခံစားရေးသားခဲ့သည့် ဆောင်းပါးနှင့် အက်ဆေး ၁၈ ပုဒ်ပါဝင်သည်။

"မြို့ပြများတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး အခွင့်အလမ်းများစုပုံနေရာ ထိုနေရာမျိုးတွင် နေထိုင်ကြသော သူများသည်လည်း အခွင့်အလမ်းရှိသလို တာဝန်များလည်းရှိကြ၏။ မြို့ပြဆိုင်ရာ တာဝန်အများအပြားအနက် မိမိတို့မိသားစု၊ မိမိတို့အိမ်ထောင်မှထွက်ရှိလာသော အမှိုက်ကို သက်ဆိုင်ရာစည်ပင်တာဝန်ရှိသူ၏ လက်ထဲအထိ အရောက်ပို့ရမည်ဟူသော တာဝန်နှင့်အမှိုက်ကို စနစ်တကျစွန့်ပစ်ရမည်ဆိုသောတာဝန်များ ပါဝင်ကြောင်း" ဆရာချစ်စံဝင်းက ပညာပေးရေးသားခဲ့၏။

မောင်ချစ်ဖေနှင့်ခေတ်ပြိုင်လူငယ်များကို အသိပညာ ဗဟုသုတများစွာရရှိစေရန် နိုင်ငံရေး အတ္ထုပ္ပတ္တိ စာပေများနှင့် မိတ်ဆက်ယှဉ်ပါးထိတွေ့စေခဲ့ပြီး မြင်ဆရာဖြစ်ခဲ့သူ ဆရာမောင်ဝံသကမူ "ရန်ကုန်သားတွေကို ကျွန်တော်သဘောအကျဆုံးကတော့ ခွေးနှစ်ကောင်ကိုက်တာကိုတောင် ဝိုင်းကြည့်တတ်ကြပေမယ့် ဘာကိုမှအလေးအနက်သိပ်မထားတတ်ကြတာပဲဖြစ်ပါတယ်။

နယ်မြို့တွေမှာ စတိုင်နှင့် ပါဝါပြနေကြတဲ့လူတွေ ရန်ကုန်ရောက်ရင် အတော်သိမ်ငယ်သွားတတ်ကြတယ်လို့ ဆိုပါတယ်။ နယ်မြို့တွေမှာ Somebody လို့ခေါ်တဲ့ အရေးပါတဲ့လူကြီး လူငယ်တွေဖြစ်ပေမယ့် ရန်ကုန်ရောက်ရင် ဘာကောင်မှမဟုတ်သလို Nobody ဖြစ်သွားကြတော့တာပါပဲ။

ဒီလိုနဲ့ ရန်ကုန်ဟာ ကျွန်တော်ရဲ့မိသားစုဖြစ်လာတယ်။ ရန်ကုန်ဟာ ကိုယ့်အိုးကိုယ့်အိမ် ဖြစ်လာတယ်။ နေသားကျသွားတော့လည်း ရန်ကုန်ဟာ ချစ်စရာမြို့ကြီး တစ်မြို့ပါပဲ။ ကျွန်တော်ကတော့ ရန်ကုန်ကိုမကြောက်တဲ့အပြင် ချစ်မြတ်နိုးလို့တောင်နေရပါတယ်"ဟု "ရန်ကုန်အက်ဆေး" တွင် ရေးဖွဲ့ခဲ့သည်။

> **"လတ်တလော အဓိကစိန်ခေါ်မှုဖြစ်သည့် မိုးရာသီ ရေကြီးရေလျှံမှုပြဿနာကိုလည်း ရန်ကုန်မြို့ပြသမိုင်းက ပြန်လည်ပေးအပ်သည့် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် အားလုံးက ခံယူပြီး ဦးစားပေးဖြေရှင်းကြရပါမည်။**
>
> **ရန်ကုန်မြို့ကို အရုပ်ဆိုးအကျည်းတန်စေမည့် စိန်ခေါ်မှုများကိုလည်း အားလုံးက တက်ညီလက်ညီ လက်ရည်တစ်ပြင်တည်း ဆက်လက်ပူးပေါင်း ဖြေရှင်းကြပါစို့။"**

"၁၉၅၀ နဲ့ ၆၀ ကြားမှာ ဒုစရိုက်သမားတွေရယ်လို့ များများစားစားမရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ရန်ကုန်မြို့ရဲ့ ညတွေက ဒုစရိုက်ကင်းခဲ့ပါတယ်။ ဘယ်သူမှလည်း လာမနှောင့်ယှက်ဘူး။ စစ်လားကြောလားမလုပ်ဘူး။ လုယက်မယ့်လူလည်း မရှိဘူး။ လမ်းမကြီးတွေအပါအဝင် လမ်းအားလုံးမှာ တစ်ညလုံး မီးရောင်တွေထိန်ထိန်လင်းနေခဲ့တာပဲလေ။ သွားချင်ရာသွား ၅ ပြား၊ ၁၀ ပြား။ အေးချမ်းတယ်၊ ပျော်ရွှင်တယ်၊ လွတ်လပ်တယ်၊ ကလိမ်ကကျစ်နည်းတယ်။ မနာလိုဝန်တိုမှု ကင်းတယ်။ ဂုဏ်တု ဂုဏ်ပြိုင်မရှိလှဘူး။ လူလူချင်းရိုင်းပင်းကူညီပြီးစေတနာ မေတ္တာရှေ့ထားတယ်။ အဲဒါ ကျွန်တော်ငယ်ငယ်တုန်းက မြို့ရန်ကုန်ရဲ့ သဘာဝမြင်ကွင်း" စသည့် ဆရာ ညီညီနိုင်ရဲ့ "ငယ်ငယ်တုန်းက မြို့ရန်ကုန်"ဆောင်းပါးကိုဖတ်ရှုရတော့ လွမ်းစရာပင်။

မူလအမည် "ဥက္ကလာပ"၊ ထိုမှ တိဂုံ (ခေါ်) ဒဂုံဟူသော မြို့ငယ်လေး။ ဗြိတိသျှအစိုးရသည် ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးကတည်းက မော်လမြိုင်မြို့ကို ရုံးစိုက်ပြုလုပ်နေရာမှ ၁၈၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲလိုက်သည်နှင့် ရန်ကုန်မြို့သည် အချက်အချာကျရာ ဗဟိုဌာနတစ်ခုဖြစ်လာခဲ့ပြီး ဗြိတိသျှလက်အောက်သို့ အောက်မြန်မာပြည် ရောက်ရှိသွားပြီးနောက် ရန်ကုန်မြို့ လူဦးရေသည် တစ်ရှိန်ထိုးတိုးတက်များပြားလာခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစ ၁၉၅၀ ခုနှစ်ဝန်းကျင်တွင် မြို့ပြလူဦးရေ သုံး၊ လေးသိန်း ရှိခဲ့ပြီး ယခုဆိုမူ ၂၀၁၄ ခုနှစ် ရှေ့ပြေးလူဦးရေစာရင်းအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ စုစုပေါင်း ၇၃၅၅၀၇၅ ဦးနှင့် ရန်ကုန်မြို့ပြလူဦးရေ ငါးသန်းကျော်နေထိုင်သည် အထိ တိုးတက်များပြားလာခဲ့သည်။

တိုးတက်များပြားလာသော မြို့ပြလူဦးရေနှင့်အတူ ရန်ကုန်မြို့ပြ၏ လူမှုစီးပွားဘဝသည်လည်း ပစ္စက္ခတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရပြန်သည်။ ဆိုခဲ့ပါ စိန်ခေါ်မှုများအနက် ရေကြီးရေလျှံမှုပြဿနာနှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာတို့မှာ မြို့ရန်ကုန်အတွက် ထိပ်တန်းစိန်ခေါ်မှုများပင်။

ရန်ကုန်မြို့တော်တွင် လွန်ခဲ့သော ၁၀ နှစ်ကာလအတွင်း ရေလျှံမှုပိုမိုများပြားလာပြီး မြို့နယ်အတော်များများ၌ ရေကြီးမှုပိုမိုတွေ့ကြုံခံစားရခြင်းများတွေ့ရှိလာရကြောင်း၊ ယခုကဲ့သို့ ရေကြီးရေလျှံမှုပိုမိုပြင်းထန်လာရခြင်းမှာ မြို့ပြထူထောင်မှုအလျင်အမြန် တိုးတက်လာခြင်းကြောင့် ရေမစိမ့်နိုင်သောဧရိယာများ တိုးလာခြင်း၊ ထိုသို့တိုးလာ၍ ရေစီးနှုန်းမြန်လာပြီး ရေမြောင်းအဆုံးနေရာများ၌ ရေထုတ်နှုန်းမြင့်လာခြင်း၊ ရေစိမ့်ဝင်နိုင်သော ကုန်းမြေနေရာများ လျော့နည်းလာခြင်းကြောင့် ရေစီးဆင်းမှုထုထည်များလာခြင်း၊ လူဦးရေ ထူထပ်များပြားလာခြင်းကြောင့် လူတို့ စွန့်ထုတ်သော ရေဆိုးနှုန်းတိုးလာခြင်း၊ ရေမြောင်းများအတွင်း အမှိုက်များစွန့်ပစ်မှုကြောင့် ရေမြောင်းပိတ်ဆို့မှုများ ပိုမိုများပြားလာခြင်းတို့အပြင် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့်အတူ ရန်ကုန်မြို့ အချက်အချာ ခြောက်မြို့နယ်၏အဓိက ရေထွက်ပေါက်ဖြစ်သော ရန်ကုန်မြစ်၏ ရေမျက်နှာပြင်မြင့်တက်လာခြင်းတို့မှာ အဓိကအကြောင်းရပ်များဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းတံတား)မှ သုံးသပ်ခဲ့သည်။



**ဇွန် ၁၅ ရက်က ရွာသွန်းသော ရန်ကုန်မိုးကြောင့် တာမွေမြို့နယ်ရှိ လူနေအိမ်လမ်းကြားများက မျောပါလာသော အမှိုက်များကို စည်ပင်သာယာမှ သန့်ရှင်းရေးဝန်ထမ်းများက ဤသို့ ရှင်းလင်းနေစဉ်။**

ပြီးခဲ့သည့်နှစ် မိုးရာသီတွင် ရန်ကုန်မြို့၌ ရေကြီးရေလျှံမှုများကြုံတွေ့ခဲ့ရမှုကြောင့် ယခုနှစ် မိုးရာသီတွင် ရေကြီးရေလျှံမှုများလျော့ပါးစေရေးအတွက် သက်ဆိုင်ရာက နွေဦးရာသီမှအစပြု၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သော်လည်း ယခု မေလနှင့်ဇွန်လဆန်း မိုးဦးကာလမှာပင် ရေကြီး ရေလျှံမှုများဖြစ်ပေါ်ခဲ့၍ ရန်ကုန်မြို့ခံပြည်သူတို့ စိတ်ပျက်ခဲ့ကြရသည်။

"ရန်ကုန်မှာ မိုးကောင်းကောင်းမရွာသေးပါဘူး။ ပြတ်တောင်းပြတ်တောင်း အဆင့်ပါ။ ဒါပေမယ့် တစ်ကြိမ်လောက်ရွာလိုက်တာနဲ့ ကျွန်မတို့ တာမွေမှာရေက ဒူးလောက်ရောက်လာပြီ။ စိတ်ပျက်စရာပါ"ဟု တာမွေမြို့နယ်နေ ပြည်သူတစ်ဦးက ပြောသည်။

လက်ရှိအခြေအနေအရ ရန်ကုန်မြို့သည် မိုးရေချိန် ၄ လက်မကျော်ခန့်ရွာလျှင်ပင် ရေကြီးရေလျှံမှုများ တွေ့ကြုံခံစားနေပြီဟု ပညာရှင်အချို့က သုံးသပ်ထားသည်။

ရန်ကုန်မြို့၏ ရေကြီးရေလျှံမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် YCDC အင်ဂျင်နီယာဌာန(လမ်းတံတား)မှ အင်ဂျင်နီယာများနှင့် ပြင်ပပညာရှင်များက Master Plan တစ်ခုကို ရေးဆွဲဒီဇိုင်းပြုစုပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်၏ အချက်အချာဒေသ ခြောက်မြို့နယ် (Downtown Area)၏ လက်ရှိ ရေနုတ်မြောင်းများ၊ လမ်းနှင့်အဆောက်အအုံများ အနေအထား၊ မော်တော်ယာဉ်နှင့်ရထားများ သွားလာမှုအခြေအနေ၊ စီးဆင်းရေများကို ယာယီထိန်းသိမ်းနိုင်မှု၊ ရန်ကုန်မြစ်၏ ဒီရေအတက်အကျပုံစံစသည်တို့ကိုလေ့လာပြီး Master Plan နှင့်အတူ ဒီဇိုင်းများကိုစဉ်းစားရာတွင် လက်ရှိတည်ရှိနေသော ရေမြောင်းများ၊ မြေအောက်မြောင်းများ၊ ရေကြီးရေလျှံမှုရှိသောနေရာများ၊ ပြင်ပ အခြားမြို့နယ်များမှ ဝင်ရေစီးဆင်းမှု၊ ရေသိုလှောင်နိုင်သော ဧရိယာရှိ၊ မရှိစသည်တို့ကိုပါ ထည့်သွင်းစဉ်းစား၍ ထိရောက်မှုရှိသော Drainage Network Plan များကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှသိရသည်။

"Drainage Master Plan မှာ ရေနုတ်မြောင်းဆိုင်ရာ အစိတ်အပိုင်းတွေလည်း ပါဝင်ပါတယ်။ ရေနုတ်မြောင်းနဲ့ လမ်းဖြတ် (culvert)များပါတဲ့ ရေနုတ်မြောင်းစနစ်၊ မြစ်ထွက်ပေါက်တွေ၊ ရေနုတ်မြောင်း၊ မြစ်ထွက်ပေါက်ဆုံရပ်နေရာများမှာ ဒီရေတက်ချိန် ရေတံခါးတွေပိတ်ထားစဉ် မိုးရွာခဲ့ပါက ရေစုပ်စက်နဲ့စုပ်ထုတ်မယ့် အစီအစဉ်လည်းပါဝင်ပါတယ်။ ဒါ့အပြင် ရေနုတ်မြောင်းတွေ လမ်းအောက်ဖြတ်မြောင်း (culvert)တွေကိုလည်း စိတ်ချလုံခြုံစွာ စီးဆင်းနိုင်ဖို့ ဒီဇိုင်းပြုရေးဆွဲ ထားပါတယ်" ဟု သက်ဆိုင်ရာဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။

Downtown ခြောက်မြို့နယ်အတွင်း မြေပြင်အနေအထားအရ အချို့နေရာများ၏ မြေပြင်မှာ ရန်ကုန်မြစ်ရေထရက် ဒီရေမြင့်တက်ချိန်၏ **water level** အောက်တည်ရှိနေမှုကြောင့် အဆိုပါ ဒီရေတက်ချိန်တွင် ဒီရေများ မဝင်ရောက်နိုင်ရန် ရေတံခါးများတည်ဆောက်ပြီး သုံးနာရီမှ ငါးနာရီအထိကာကွယ်ပိတ်ထားရန် တွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိုးရာသီကာလများတွင် ရေကြီးရေလျှံမှုများ လျော့ပါးစေရေးအတွက်ပြီးခဲ့သည့်နှစ်က ငွေကျပ် ၈ ဒသမ ၇ ဘီလီယံအသုံးပြုခဲ့ပြီး ယခုနှစ်တွင် ၁၀ ဘီလီယံလျာထားကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

"ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆူးလေတစ်ဝိုက်၊ ရွှေဘုံသာလမ်းတစ်ဝိုက်နဲ့ ဝန်ကြီးများရုံးတစ်ဝိုက်မှာ လိုအပ်ချက်အရ ရေမြောင်းတွေကို မူလ လေးပေကနေ ရှစ်ပေ အကျယ်အထိ ချဲ့ထွင်ခဲ့ပါတယ်။ မြို့နယ်ခြောက်မြို့နယ်အတွင်းက အမည်တတ်တဲ့လမ်းတွေကိုလည်း သတ်မှတ်ရေမြောင်း အရွယ်အစားဖြစ်အောင်ဆောင်ရွက်ခဲ့ပြီးပါပြီ။ ဒါ့အပြင် မြို့နယ်အလိုက်ရေကြီးရေလျှံမှု လျော့ပါးရေးအတွက်လည်း စီစဉ်ဆောင်ရွက်နေပါတယ်"ဟု YCDC မှ အဆင့်မြင့်အရာရှိကြီးကဆိုသည်။

သို့တစေ ရန်ပုံငွေနှင့်နည်းပညာလိုအပ်ချက်များက ကန့်သတ်မှုကိုဖြစ်စေပြီး ပြီးပြည့်စုံသည့်အဆင့်သို့ မရောက်သေးဘဲ ဆက်လက်ဆောင်ရွက်သွားရမည်၊ **Downtown** ခြောက်မြို့နယ်က မြစ်ထွက်ပေါက်အများစုသည် ဆိပ်ကမ်းနယ်မြေအတွင်းသို့ စီးဆင်းရခြင်းဖြစ်သည့်အတွက် ညှိနှိုင်းပေါင်းစပ်ပြီးမှ ဆက်လက်ဆောင်ရွက်သွားရမည်ဟုလည်း ၎င်းကတစ်ဆက်တည်း ဆိုသည်။

မူလဘူတ ယာတော၊ လယ်တောဖြစ်ခဲ့သည့် ဒဂုံမြို့ဟောင်းလေးကို အလောင်းမင်းတရားသည် ခုတ်ထွင်ရှင်းလင်းတူးဖော်စေပြီး ကျုံး၊ မြောင်း၊ တံခါး၊ ပြအိုး စသော မြို့အင်္ဂါရပ်နှင့်အညီ ခုနစ်ရက်နှင့်ပြီးစီးအောင် တည်ဆောက်ခဲ့ကာ ၁၇၅၅ ခုနှစ် မတ် ၄ ရက်တွင် ရန်အပေါင်းကုန်သော နိမိတ်ဖြင့် "ရန်ကုန်"ဟု အမည်သစ်ပေးခဲ့သည့် မြို့ရန်ကုန်သည် မျက်မှောက်မြို့သက်တမ်း ၂၆၀ ပြည့်တွင်မူ မဟာရန်ကုန်အဖြစ်သို့ လူးလွန့်လှုပ်ရှားလာခဲ့ချေပြီ။

သမိုင်းရေစီးတစ်လျှောက် မှန်ကင်းတစ်လှည့်ထင်းတစ်လှည့်၊ ဘုံလုံတစ်လှည့် ငါးပျံတစ်လှည့်သို့နှယ် နိမ့်တုံမြင့်တုံ စီးမျောလိုက်နှင့် လောကဓံကိုကြံ့ကြံ့ခံ စီးမျောနေဆဲ။ ၂၀၀၅ ခုနှစ်တွင် မြို့သက်တမ်း ၂၅၀ ပြည့်မြောက်ခဲ့သော်လည်း မေ့လျော့လျစ်လျူရှုခံခဲ့ရခြင်းကို သူမမှု ဗေဒါပျံ အံကိုခဲ ပန်းပန်လျက်ပဲပင်။

ပစ္စက္ခတွင်မူ မြို့ရန်ကုန်သည် ကမ္ဘာ့ထိပ်တန်းမြို့ကြီးများနည်းတူ Mega City မြို့ပြကြီး အသွင်သို့ ကူးပြောင်းရန် ခေတ်ပြိုင်သမိုင်းက တောင်းဆိုလာခဲ့ချေပြီ။ ခေတ်ပြိုင်သမိုင်းအတွင်း ယှဉ်တွဲဖြစ်တည်လာခဲ့ကြသော မြို့တော်သူမြို့တော်သားများအနေဖြင့် ကိုယ်စီကိုယ်စီတာဝန် ကျေပွန်ဖို့လိုအပ်လာသည်။

လတ်တလောအဓိကစိန်ခေါ်မှုဖြစ်သည့် မိုးရာသီ ရေကြီးရေလျှံမှု ပြဿနာကိုလည်း ရန်ကုန်မြို့ပြသမိုင်းက ပြန်လည်ပေးအပ်သည့် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် အားလုံးကခံယူပြီး ဦးစားပေးဖြေရှင်းကြရပါမည်။ ရန်ကုန်မြို့ကို အရုပ်ဆိုးအကျည်းတန်စေမည့် စိန်ခေါ်မှုများကိုလည်း အားလုံးက တက်ညီလက်ညီ လက်ရည်တစ်ပြင်တည်း ဆက်လက်ပူးပေါင်းဖြေရှင်းကြပါစို့။

**ကိုးကား ။ ။ မောင်ဝေဟောင် စီစဉ်သည့် "ရန်ကုန်အမြင်၊ ရန်ကုန်အတွေး"**



**မေ ၂၅ ရက်က ရွာသွန်းခဲ့သော မိုးကြောင့် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့တွင် ဤသို့ ရေကြီးရေလျှံမှု ဖြစ်ခဲ့သည်။**




# ၁၉၉၁ ခုနှစ်နောက်ပိုင်း ကိုလံဘီယာအား ပထမဆုံးအကြိမ် ဘရာဇီးရှုံးနိမ့် ပွဲပြီးခရာမှုတ်ပြီးနောက် နေမာနှင့် ကားလိုဘက်ကာ အနီကတ်ဖြင့် ထုတ်ပယ်ခံရ

ချီလီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသော ၂၀၁၅ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စု(C)မှ ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့ ဆန်တီယေဂို၌ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် ကိုလံဘီယာအသင်းက ဘရာဇီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကိုလံဘီယာအသင်းအတွက် အဆိုပါသွင်းဂိုးကို ပွဲကစားချိန် ၃၆ မိနစ်တွင် ကွာဒရာဒို၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် နောက်ခံလူ မူရီလိုက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ကိုလံဘီယာအသင်းသည် ယခုပွဲစဉ်တွင် ဘရာဇီးအသင်းအား အနိုင်ရရှိလိုက်ခြင်းကြောင့် အုပ်စုအဆင့်နှစ်ပွဲကစားအပြီးတွင် ရမှတ်သုံးမှတ်ရရှိခဲ့ပြီး ဘရာဇီးအသင်းမှာမူ ၁၉၉၁ ခုနှစ်မှစတင်ကာ ကိုလံဘီယာအသင်းကို ပထမဆုံးအကြိမ်ရှုံးပွဲကြုံခဲ့သည်။

ကိုလံဘီယာအသင်းသည် ၂၀၁၅ ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ဘရာဇီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ယခုပွဲတွင် အနိုင်ရရှိခဲ့ခြင်းသည် အဆိုပါရှုံးကြွေးကို ဆပ်လိုက်ခြင်းဟု ဆိုရမည်ဖြစ်သည်။

ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယခု ကိုပါအမေရိကဖလား အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် ဘရာဇီးအသင်းသည် နေမာ၊ ဖရက်၊ ဖာမီနို၊ ဝီလီယံ၊ အီလီယက်စ်၊ ဖာနန်ဒင်ဟို၊ ဖိလစ်ပီလူးဝစ်၊ မီရန်ဒါ၊ ဆေးလ်ဗား၊ အဲလ်ဗက်စ်တို့ကို ထည့်သွင်းကစားစေခဲ့ပြီး ကိုလံဘီယာအသင်းမှာမူ ဖယ်လ်ကာအို၊ ဂူတီယာရက်ဇ်၊ ဂျိမ်းစ်၊ ကွာဒရာဒို၊ ဗလင်စီယာ၊ အာမီရို၊ မူရီလို၊ ဇာပါတာ၊ ဇူနီဂါ ကစားသမားများကို ပွဲထွက်ကစားစေခဲ့သည်။

ယင်းပွဲစဉ်တွင် နှစ်သင်းစလုံးသည် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲကစားချိန် ၃၆ မိနစ်တွင် မူရီလိုသွင်းယူခဲ့သည့် သွင်းဂိုးဖြင့် ကိုလံဘီယာအသင်းက အနိုင်ရရှိခဲ့သော်လည်း နောက်ဆုံးပွဲပြီးခရာမှုတ်ချိန်တွင် ဘရာဇီးတိုက်စစ်မှူး နေမာက ဒေါသအိုးပေါက်ကွဲနေသည့်အသွင်ဖြင့် ဘောလုံးအား အပြင်းကန်ခဲ့ခြင်းကြောင့် ကိုလံဘီယာကစားသမား ကားလို့ဘက်ကာက နေမာအားတွန်းထိုးရာမှတစ်ဆင့် ချီလီကွင်းလယ်ဒိုင် ဟင်နရီကေးအော့ဆက်က တိုက်စစ်မှူးနေမာနှင့် တိုက်စစ်မှူး ဘက်ကာတို့နှစ်ဦးစလုံးအား အနီကတ်ပြကာ ထုတ်ပယ်ခဲ့သည်။ ထို့ကြောင့် တိုက်စစ်မှူး နေမာသည် အုပ်စုအဆင့်တတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် ဗင်နီဇွဲလားအသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။

ဘရာဇီးနှင့် ကိုလံဘီယာတို့ပါဝင်နေသည့် အုပ်စု(C)တွင် ဗင်နီဇွဲလား၊ ဘရာဇီးနှင့် ကိုလံဘီယာတို့သည် ရမှတ်သုံးမှတ်စီရရှိထားကြသည်။

အုပ်စု(A)တွင် ချီလီနှင့် ဘိုလီဗီးယားတို့သည် ရမှတ်လေးမှတ်စီနှင့် အုပ်စု(B)တွင် အာဂျင်တီးနားနှင့် ပါရာဂွေးတို့သည် ရမှတ်လေးမှတ်စီရရှိထားကြကာ နောက်တစ်ဆင့်တက်လှမ်းရန် အခြေအနေကောင်းနေသည်။

(ငွေကြယ်)

## အက်သလက်မှ မန်ဇူကစ် ထွက်ခွာရန် အလားအလာများနေ လာမည့်ရာသီ ရီးယဲလ် ချန်ပီယံဖြစ်မည်ဟု ဆီမွန်နီ ယုံကြည်

အက်သလက်တီကိုနည်းပြ ဆီမွန်နီက တိုက်စစ်မှူးမန်ဇူကစ်မှာ ကလပ်အသင်း၏ ထိမရသည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည့်အတွက် ၎င်းနှင့်ပတ်သက်၍သူ့တွင် ဆုံးဖြတ်ခွင့်မရှိကြောင်းဆိုခဲ့ရာ လာမည့်ဘောလုံးရာသီတွင် မန်ဇူကစ်အနေဖြင့် အက်သလက်မှ ထွက်ခွာရန်အလားအလာများနေပြီဖြစ်သည်။

မန်ဇူကစ်အား အီတလီချန်ပီယံဂျူဗင်တပ်က အာဂျင်တီးနားသို့ပြန်လည်အခြေချကစားလိုသည်ဟု ပြောကြားထားသော တိုက်စစ်မှူးတီဗက်ဇ်၏ နေရာတွင် အစားထိုးရန်ချိတ်ဆက်ကမ်းလှမ်းမှုများပြုလုပ်နေသလို ပရီမီယာလိဂ်ကလပ်များကလည်း ခေါ်ယူလိုနေသည်။ နည်းပြဆီမွန်နီက ပြီးခဲ့သည့်ဘောလုံးရာသီက အက်သလက်သို့ပြောင်းရွှေ့လာခဲ့သော မန်ဇူကစ်၏ အနာဂတ်နှင့်ပတ်သက်၍ အာမခံချက်တစ်စုံတစ်ရာပေးရန်မရှိဟု ငြင်းဆိုခဲ့သည်။

ဆီမွန်နီက ရေဒီယိုမာကာနှင့်တွေ့ဆုံခန်းတွင်“ ကလပ်အသင်းဒီထက်ပိုပြီးတိုးတက်ဖို့ရှိတဲ့လူစာရင်းကို ပိုပြီးစုဖွဲ့မှုကောင်းအောင် လုပ်ဆောင်ရမှာပါ။ မန်ဇူကစ်နဲ့ ပတ်သက်ပြီးပြောရရင်တော့ ကျွန်တော်တို့အတွက် သူ့လိုကစားသမားမျိုးနဲ့ တွဲဖက်အလုပ်လုပ်ရတာဟာ တကယ်ကောင်းပါတယ်။ ဒါပေမယ့် သူ့နဲ့ပတ်သက်တဲ့အပြောင်းအရွှေ့တွေကိုတော့ ကလပ်အသင်းတာဝန်ရှိသူတွေက အကောင်းဆုံးဆုံးဖြတ်ပြီး လုပ်ဆောင်သွားပါလိမ့်မယ်။ အက်သလက်မှာ ကိုကီ၊ ဒီယေဂို ဂိုဒင်နဲ့ မန်ဇူကစ်တို့ဟာ ထိလို့မရတဲ့ကစားသမားတွေပါ။သူတို့နဲ့ပတ်သက်လာရင် ကျွန်တော်တစ်ယောက်တည်းနဲ့ မပြီးပါဘူး”ဟု ဆိုခဲ့သည်။

ထို့ပြင် ဘာစီလိုနာ၏ ၂၀၁၆အထိ ကစားသမားခေါ်ယူခွင့်ပိတ်ပင်ခံရမှုပြစ်ဒဏ်က လာမည့်ဘောလုံးရာသီတွင် ရီးယဲလ်ကိုသာ လာလီဂါချန်ပီယံဖြစ်လာစေရန်ပိုမိုအလားအလာကောင်းသွားစေမည်ဟု ဆီမွန်နီက ဆိုခဲ့သည်။ ရီးယဲလ်နည်းပြဟောင်း အန်စလော့တီထုတ်ပယ်ခံခဲ့ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အလွန်ဆို၊ဒီမာရီယာတို့အား အသင်းပြောင်းခွင့်ပေးခဲ့ရပြီးနောက် မိုဒရစ်နှင့်ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ ကြွခိုင်မှုမပြည့်ဝခြင်းက ရလဒ်ပိုင်းကိုဆိုးရွားခဲ့စေခြင်းကြောင့်ဖြစ်သည်ဟုလည်း တစ်ဆက်တစ်စပ်တည်း မှတ်ချက်ပြုခဲ့သည်။ **(မေလှဲ့သင်း)**






## တိုက်စစ်မှူးတီဗက်ဇ်နေရာတွင် အစားထိုးရန် တိုက်စစ်မှူး ကာဗာနီသာ အသင့်လျော်ဆုံးဖြစ်

ယခင် ဂျူဗင်တပ်တိုက်စစ်မှူးအမော်ရူဆိုက အကယ်၍တိုက်စစ်မှူးတီဗက်ဇ် ယခုနှစ်နွေရာသီတွင် အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာသို့ပြောင်းရွှေ့ဖြစ်ခဲ့လျှင် ၎င်း၏နေရာကို အစားထိုးရန်အသင့်လျော်ဆုံးမှာ ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီပင်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

ကိုပါအမေရိကဖလားတွင် ဝင်ရောက်ကစားနေသော တီဗက်ဇ်က မိခင်နိုင်ငံအာဂျင်တီးနားတွင်သာ ပြန်လည်အခြေချကစားရန်ဆန္ဒရှိနေသည်ဟု ပြောကြားခဲ့ရာ ဂျူဗင်တပ်အကြီးအကဲ မာရော့တာက အဆိုပါတိုက်စစ်မှူးနေရာတွင် အစားထိုးရန် အက်သလက်တိုက်စစ်မှူး မန်ဇူကစ်အား ချိတ်ဆက်မှုများပြုလုပ်လာခဲ့သည်။ သို့သော် အမော်ရူဆိုက ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီသာလျှင် တီဗက်ဇ်နေရာကိုအကောင်းဆုံး အစားထိုးဖြည့်ဆည်းပေးနိုင်မည့် ကစားသမားဟု ယုံကြည်နေသည်။

“ နည်းစနစ်ပိုင်းအရကြည့်ကြည့်၊ စရိုက်သဘာဝရှုထောင့်ဘက်ကနေ ကြည့်ကြည့် တီဗက်ဇ်လို ကစားသမားမျိုးဟာ အစားထိုးဖို့တော်တော်ခက်ခဲပါတယ်။ ဒိုင်ဘာလာဟာ တီဗက်ဇ်နေရာကို ဖြည့်ဆည်းပေးနိုင်မယ့်ကစားသမား မဟုတ်ပါဘူး။ဒီလို ခက်ခဲတဲ့ အလုပ်တွေကို အစားထိုးလုပ်ဆောင်နိုင်မယ့်တစ်ဦးတည်းသော တိုက်စစ်မှူးကတော့ ကာဗာနီပဲဖြစ်ပါလိမ့်မယ်။ပေါ်ဘာကိုလည်း အခုဆို ကလပ်အသင်းက ဆုံးရှုံးရဖို့ ရာနှုန်းများနေပါပြီ။ သူ့နေရာကို ဖြည့်ဆည်းပေးနိုင်မယ့်နောက်ထပ်ကွင်းလယ်ကစားသမားတစ်ဦးကိုလည်း အမြန်ဆုံးအစားထိုးနိုင်ဖို့ကြိုးစားရတော့မှာပါ” ဟု အမော်ရူဆိုက ပြောကြားခဲ့သည်။ (မေလှဲ့သင်း)

## အားကစားလောက သတင်းတိုများ

**အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းက စပိန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

*၂၀၁၅ ကွင်း တင်းနစ်ဖလား ဒုတိယအကျော့ပွဲစဉ်တွင် ပြင်သစ်အိုးပင်းလက်ရှိချန်ပီယံ စတန်းဝေါရင်ကာအား အန်ဒါဆင်က ၇-၆(၇-၄)၊ ၇-၆၊ (၁၃-၁၁)ဖြင့် အနိုင်ယူနိုင်ခဲ့သည်။*

**အဲဗာတန်အသင်းမှ တိုက်စစ်မှူး လူကာကူအား မန်ယူအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသည်။**

*မန်စီးတီးအသင်းသည် လီဗာပူးတောင်ပံတိုက်စစ်မှူးစတာလင်နှင့် ဂျူဗင်တပ်ကွင်းလယ်လူ ပေါ့ဘာအားခေါ်ယူခွင့်ရရန် နီးစပ်နေပြီဖြစ်သည်။*

**မန်စီးတီးတိုက်စစ်မှူး အဂူရိုအား ခေါ်ယူရန် ရီးယဲလ်က စောင့်ကြည့်နေသည်။**

*ဘရာဇီးအသင်းခေါင်းဆောင်နေမာသည် ကိုလံဘီယာနှင့် ပွဲစဉ်တွင် အနီကတ်ပြစ်ဒဏ်ကြောင့် ဗင်နီဇွဲလားကို ရင်ဆိုင်ရမည့် အုပ်စုနောက်ဆုံးပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။*

**ဘိုကာဂျူနီယာအသင်းတာဝန်ရှိသူများက ချီလီတွင် တီဗက်ဇ်နှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်ဟု အတည်ပြုပြောကြားခဲ့သည်။**

*ဂျူဗင်တပ်နည်းပြ အယ်လီဂရီက ပေါ့ဘာအား ခြေစွမ်းနှင့် ထိုက်တန်သောဈေးနှုန်းအမှန်ရမှသာ ရောင်းချမည်ဟု ဆိုခဲ့ရာ ပေါ့ဘာအတွက် ပေါင်သန်း ၁၀၀ ခန့်အလိုရှိနေခြင်းဖြစ်သည်ဟု သတင်းများက ဖော်ပြသည်။*

# ရေတာရှည်မြို့နယ်တွင် ဆိုင်ကယ်ပျောက်ဆုံးမှုများ မကြာခဏဖြစ်ပွား

**ရေတာရှည် ဇွန် ၁၈**

ဆိုင်ကယ်စီးနင်းသူများ တစ်နေ့တခြား များပြားလျက်ရှိရာ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များမှ ဆိုင်ကယ်ခိုးယူမှုများ ယခုရက်ပိုင်းအတွင်း ပိုမိုများပြားလာကြောင်းသိရသည်။

ရေတာရှည်မြို့နှင့် ဆွာမြို့တို့ရှိ ရပ်ကွက်များတွင် ဆိုင်ကယ်ခိုးယူခံရခြင်းများရှိခဲ့ပြီး ကျေးရွာများအထိ လိုက်လံခိုးယူလျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။ ဆိုင်ကယ်ခိုးယူခံရမှုများတွင် နေအိမ်မလုံခြုံခြင်း၊ အမှုမဲ့အမှတ်မဲ့ထားခြင်းများကြောင့်ဖြစ်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

"အချို့က ဇက်သော့ခတ်ထားရင် လုံခြုံပြီလို့ထင်နေတာ၊ သော့မရှိပေမယ့် ဆော့ကက်ဖြုတ်ပြီး ခိုးတာများတယ်။ ဒါကြောင့် ကိုယ့်ဆိုင်ကယ်ကိုထားမယ်ဆိုရင် အပိုအာမခံသော့ခတ်သင့်တာပေါ့။ ခိုးတဲ့သူတွေက ရုပ်ဖျက်လို့လွယ်တဲ့ ဆိုင်ကယ်တွေကိုပဲ အလွယ်တကူ ခိုးယူကြတာများတယ်" ဟု ရေတာရှည်မြို့ခံတစ်ဦးက ပြောသည်။

ဆိုင်ကယ်ပျောက်ဆုံးသူများအနေဖြင့် မိမိဆိုင်ကယ်ခိုးယူခံရပါက သက်ဆိုင်ရာ နယ်မြေခံရဲစခန်းသို့တိုင်ကြားအမှုဖွင့်ရန်လိုကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ပခုက္ကူ၌ ယာဉ်ပေါ်မှ ပြုတ်ကျ၍ လူတစ်ဦးသေဆုံး

**ပခုက္ကူ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူ-ရေစကြိုကားလမ်းနှင့် မြို့ရှောင်လမ်းဆုံ၌ ဇွန် ၁၆ ရက် နံနက်ပိုင်းက လူတစ်ဦး ယာဉ်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေစကြိုမှ ပခုက္ကူသို့ ပခုက္ကူမြို့ အမှတ်(၁၃) ရပ်ကွက် မဲအိုးတန်းရပ်နေ သိန်းဝင်း (၃၇)နှစ် မောင်းနှင်ပြီး အောင်ခိုင်(၂၇)နှစ်၊ ကိုကုလား(ခ)မောင်မောင်(၂၉)နှစ် (ယာဉ်နောက်လိုက်)၊ သန့်ဇင်ဦး(၄၃)နှစ်၊ မောင်ဇင်မိုး(၂၃)နှစ်နှင့် ပခုက္ကူမြို့နယ် ဘောလုံးခုံရွာနေ ဦးမြမောင် (၅၅)နှစ်တို့ လိုက်ပါလာသည့် ၉၄/------ ထော်လာဂျီယာဉ်မောင်းနှင်လာစဉ် မြို့ရှောင်လမ်းဆုံအရောက် ယာဉ်ပေါ်လိုက်ပါလာသူ အောင်ခိုင်မှာပြုတ်ကျကာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ သိန်းဝင်းအား ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရွှေဆွဲကြိုး ခိုးယူသူအား အရေးယူ

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့မဈေးအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖရဲကျွန်းလေးကျေးရွာနေ ဒေါ်ခင်စန်းယု၏ သမီး မချောရတီခိုင်(၁)နှစ် ဝတ်ဆင်ထားသည့် အလေးချိန်(၆)ပဲခန့်ရှိ ရွှေဆွဲကြိုးအား ခါးပိုက်နှိုက်ခံရသဖြင့် မြို့မဈေးအတွင်း ရှာဖွေစဉ် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ကံကြီးကုန်းရပ်နေ မခင်ထား(၅၅)နှစ်ထံမှ တွေ့ရှိသဖြင့် စစ်ဆေးရာ မချောရတီခိုင်၏ ရွှေဆွဲကြိုးဖြစ်ကြောင်း သိရှိရပြီး ဆက်လက်ရှာဖွေရာ မခင်ထားထံမှ စတီးခေါက်ကတ်ကြေးတစ်ချောင်း သိမ်းဆည်းရမိခဲ့သဖြင့် မခင်ထားအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

**မူးယစ်အန္တရာယ် လူ့ရန်စွယ် တာကွယ်တိုက်ဖျက် လက်ချင်းဆက်**

**ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**

# ဒဂုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၉၀ နှင့် အိုက်စ် သုည ဒသမ ဝ၇၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက်က ဒဂုံမြို့နယ် ပြည်လမ်း အမှတ် (၄၅) တော်ဝင်ဂါးဒင်းဟိုတယ်ကို ဝင်ရောက်ရှာဖွေရာ စိုင်းခွန်စိုင်း (ခ) ကိုစိုင်းအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၉၀ နှင့် အိုက်စ် သုည ဒသမ ဝ၇၅ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းခွန်စိုင်း (ခ) ကိုစိုင်း (၃၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။




**စိုင်းခွန်စိုင်း (ခ) ကိုစိုင်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# လောက်ကိုင်တွင် မူးယစ်ဆေးဝါးများနှင့် ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်က နယ်မြေခံတပ်၊ မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံနှင့် လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် ကုန်းဆာကျေးရွာနေ လီချောင်လင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ လောက်ကျန်း၊ လီချုံခိုင်းနှင့် ကျန်းလောက်လင်တို့ လေးဦးအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၈၁၅၀၊ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါဆေးပြား ၂၅၀၀၀၊ အက်ဖီဒရင်း ၂ ကီလို၊ ဘိန်းညိုမှုန့် သုည ဒသမ ၃ ကီလို၊ ဆေးပြားရိုက်ရာတွင် အသုံးပြုသည့် အရောင်တင်ဆေးမှုန့် သုည ဒသမ ၅ ကီလို၊ ဘိန်းဖြူ သုည ဒသမ ဝဝ၉ကီလိုနှင့် M-22 ကျည်အတောင့် ၁၅၀ တို့ကို သိမ်းဆည်းရမိပြီး မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံသို့ လွှဲပြောင်းပေးအပ်ပြီး လီချောင်လင်(၃၆)နှစ်၊ လောက်ကျန်း (၂၅)နှစ်၊ လီချုံခိုင်း (၂၅)နှစ်နှင့် ကျန်းလောက်လင် (၄၃)နှစ်တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

# နမ့်စန်တွင် ဘိန်းစိမ်း ၂၄ ဒသမ ၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်၊ မူးယစ်တပ်ဖွဲ့စု (၁၀၃) နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် နမ့်စန်-ခိုလန်သွားလမ်း အမှတ်(၃) ကျေးရွာတွင် ခိုလန်မြို့ဘက်မှ နမ့်စန်မြို့ဘက်သို့ စိုင်းခမ်းလူ မောင်းနှင်လာသော CALDINA မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းစိမ်း ၂၄ ဒသမ ၅ ကီလို သိမ်းဆည်းရမိသဖြင့် စိုင်းခမ်းလူ (၁၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
အထက(ခွဲ) တော်ခရမ်းကြီး၊ ကွမ်းခြံကုန်း၊ ဒသမတန်း(အောင်)မှ မယုနန္ဒာအေး၏ဖခင် ဦးမြင့်သိန်း(ခ)ဦးမြင့်အေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမြင့်သိန်း(ခ)ဦးမြင့်အေး

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်မင်းမင်းထွန်း (CDC 71138) ၏ 4 Ticket Watch Keeping, SSA, DSD လက်မှတ်များမှာ ခရီးသွားရင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၃၉၂၂၉၀




ဥယျာဉ်မှူး ဗိုလ်လောင်းဝင်ခွင့်သင်တန်း
DSMA, DSTA , DSA
အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝ နှင့် လိုအပ်သည့် အထွေထွေဘာသာရပ်များ
တာမွေ၊ ရွှေဗဟိုဆေးရုံရှေ့ 09 5114804, 09 420042800

**အသိပေးကြေညာခြင်း**
၁၅-၆-၂၀၁၅ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၁၄)ပါ မင်္ဂလာဆုတောင်းနှင့်ပတ်သက်၍ ကျွန်တော်၏ သဘောဆန္ဒ (လုံးဝ)မပါကြောင်း အသိပေးကြေညာအပ်ပါသည်။ နောက်နောင် ကျွန်တော်၏ ဆန္ဒသဘောထားမပါဘဲ ယခုကဲ့သို့ ပြုမူဆောင်ရွက်ခြင်းမျိုး မပြုလုပ်ရန် ကြိုတင်အသိပေးအပ်ပါသည်။
ဦးမိုးဝင်းကျော်
[၁၂/အလန(နိုင်)၀၁၇၀၁၀]
အမှတ်-၂၈၊ မာဃလမ်း၊ အလုံမြို့နယ်။

— ဆောင်းပါး —

# "စာပေနယ်မှ သစ္စာရှင်"

**ခ** အောင်ကျော်ညို(ဆင်ချဆိပ်)

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်ငါမြတ်
ငါအတတ်ဟု၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်ရေး စာအုပ်များ၏နိဒါန်းလင်္ကာလေး။ ကြေးမုံသတင်းစာမှာ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်. . . ခိုင်" အခန်းဆက် နှစ်ရက်ပျက်ကွက်သွားခဲ့သည်။ "ဘာကြောင့် မပါတာလဲ၊ ဆက်မသုံးတော့ပြီလား၊ . . . . "ဖုံးတဂွမ်ဂွမ်ဝင်လာမစဲ။ အငြိမ်းစားဗိုလ်မှူးကြီးတစ်ဦးကလည်း ကိုယ်တိုင်ရုံးသို့ပေါက်ချလာသည်။ ဒီစာအုပ်ဘယ်မှာဝယ်လို့ရမလဲ၊ သူရှာတာမတွေ့လို့ပါဟု အကူအညီတောင်းလာသည်။ သူ့သားက ဝယ်ခိုင်းလို့ဟုဆိုသည်။ အိမ်ကသားငယ်ကို သတိရလိုက်သည်။ နေ့စဉ်သတင်းစာမှာပါလာသမျှ ဆရာကြီး၏အခန်းဆက်ဝတ္ထုစာမျက်နှာများကိုဖြတ်ကာ ဖိုင်တွဲလုပ်နေဆဲ။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်မသေသေး။ ပြည်သူကြားမှာဆက်လက်ရှင်သန်လျက်ရှိနေဆဲ။ ကိုယ်တိုင်ခံယူရေးစပ် "သစ္စာ" ကဗျာလေးအတိုင်း လိုက်နာကျင့်သုံး စေတနာကြောင့်ဟုဆိုရမည်။ ကိုယ့်ကိုယ်ကို နှိမ်ချဂါရဝတရားနှင့် ပြည်သူအပေါ် စာပေတာဝန်ကျေပွန်ခဲ့၍ တန်ပြန်သက်ရောက်မှု တုံ့ပြန်မေတ္တာကို ရယူနေဆဲ။

ငယ်ဘဝတစ်လျှောက်လုံးမှာ တက္ကသိုလ်ဘုန်းနိုင်စာအုပ်များနှင့် လူလားမြောက်လာခဲ့သောကျွန်တော်။ ဆရာကြီး၏စာအုပ်တိုင်းလိုလိုမှာ အဖွင့်စာမျက်နှာပြုထားသော "သစ္စာ"လင်္ကာလေး။ ရင်ထဲစွဲမြဲ ယနေ့ထိတိုင် ပါ။ ပညာရှိပီပီ ကိုယ့်ကိုနှိမ်ချ မာန်မာနကင်းစွာ လူအပင်းတို့အတွက် စာပေကျေးကျွန်အဖြစ်ခံယူ တာဝန်ကျေပွန်ခဲ့သူ။ ဆရာကြီး၏ သစ္စာလင်္ကာလေးကိုဖတ်မိသည်မှစ၍ အဝေးမှရမ်းရော် ဦးခိုက်ခဲ့ရအခါခါပါ။

ပင်စင်ယူပြီး လက်ကျန်ခရီးကို စာပေလေ့စီးဖြတ်သန်းတော့မည် ဆုံးဖြတ်ပြီးချိန် ဆရာကြီး၏ "သစ္စာ" လင်္ကာလေးက ကျွန်တော့်ဘဝလမ်းညွှန် ပဲ့ကိုင်ရှင်ဖြစ်လာခဲ့ပါသည်။

လောကသဘာဝ အဆိုးနှင့်အကောင်းဟူသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ ဒွန်တွဲရှိစမြဲပါ။ မိမိနှင့် ထိစပ်

> ရွေးချယ်ပိုင်ခွင့်ရှိသူမှာ မိမိကိုယ်တိုင်သာ အခရာ။ ဤသည်ပင် အခွင့်အရေးမက ရပိုင်ခွင့်ဟု ဆိုနိုင်ပါ. . . . .

ရာဝန်းကျင်အနှံ့မှာ မြင်တွေ့နေရသလို။ မိမိကိုယ်ခန္ဓာထဲမှာပင် အကောင်းအဆိုးကုသိုလ်၊ အကုသိုလ် ဤတရားနှစ်ပါးက အားပြိုင်လွန်ဆွဲ သူနိုင်ကိုယ်နိုင်ရှိနေကြဆဲ နိယာမဟုဆိုရမည်။ ထိုအဆိုးအကောင်း ကုသိုလ်၊ အကုသိုလ်ကို ရွေးချယ်ပိုင်ခွင့်ရှိသူမှာ မိမိကိုယ်တိုင်သာ အခရာ။ ဤသည်ပင် အခွင့်အရေးမက ရပိုင်ခွင့်ဟုဆိုနိုင်ပါသည်။ နေညိုချိန် စာပေခရီးမှာ လမ်းကြောင်းမှန်ပေါ်သို့ရောက်အောင် ဆရာကြီး၏ "သစ္စာ" က တွန်းတင်ပံ့ပိုးငြိမ်းချမ်းမှုကို ရရှိစေနိုင်ခဲ့ပါသည်။

ဆရာကြီးဦးရွှေအောင်၏ ဓမ္မရသစာတမ်းတစ်ခုတွင် ပုထုဇဉ်တို့၏ဓမ္မတာအရ တောင့်တခြင်းသုံးမျိုးရှိတတ်ကြောင်း ရှင်းပြထားသည်။ "ပထမတစ်မျိုးမှာ လာဘဖြစ်၏။ ဒုတိယ သက္ကာရ၊ တတိယ သိလောကဖြစ်၏။ လာဘဟူသည်မှာ ပစ္စည်းဥစ္စာများဖြစ်၏။ လူဟူသည် ပစ္စည်းဥစ္စာများနှင့် ပြည့်စုံချင်၏။ တောင့်တ၏။ ရအောင်အားထုတ်၏။ တရားသဖြင့် ရအောင်အားထုတ်သည်လည်းရှိ၏။ ရသည့်နည်းဖြင့် အတင်းအဓမ္မရအောင်အားထုတ်သည်လည်းရှိ၏။ "ထို့နည်းတူ သက္ကာရဟူသည့် ရာထူးဌာနန္တရများ။ သိလောကဟူသည့် ထင်ပေါ်ကျော်ကြားဘွဲ့ထူး၊ ဂုဏ်ထူးများတွင်လည်း လာဘရလိုမှုကဲ့သို့ပင် ပြုကျင့်ကြ၏။ ပါရမီသဘောသက်ရောက်အောင် အားထုတ်ရာ၌ကား တရားသဖြင့်ရအောင် အားထုတ်ခြင်းမျိုးသာဖြစ်၏"ဟု ဆိုထားသည်။

သို့သော် ဤပုဂ္ဂိုလ်များနှင့် လားလားမှမတူ၊ တစ်မူထူးခြားပုဂ္ဂိုလ်များလည်း ရှိသေးသည်။ မိမိ၏လုပ်သင့်လုပ်ထိုက်သောအလုပ်မှာသာ အာရုံစူးစိုက် တစိုက်မတ်မတ်ရှိနေတတ်ကြပြီး လူအများမက်မောတန်ဖိုးထားကြသော ပုထုဇဉ်တို့၏ အကြိုက်ဓာတ်စာ "လာဘ၊ သက္ကာရ၊ သိလောက" အာဟာရများအပေါ် အာရုံမကျက်စား။ တိကနဲဖြတ်ထားကြသူ။ သို့သော် ထိုထိုသောပုဂ္ဂိုလ်များနောက်သို့ ဤတရားသုံးပါးက ထပ်ကြပ်မကွာ တစ်ကောက်ကောက်နှင့် ရှိနေတတ်ကြ၏။ မျက်မှောက်လူငယ်ကြိုက်စကားနှင့်ပြောရလျှင် ခါချနေရလောက်အောင်ထိရှိနေ၏။

ဤသို့ဖြင့် လာဘ၊ သက္ကာရ၊ သိလောကနောက်လိုက်နေကြသူ လူနှစ်မျိုးနှင့် ဤတရားသုံးပါးက နောက်မှလိုက်ပါဝန်းရံထားရသူဟူ၍ သုံးမျိုးသုံးစားကွဲပြားသွားသည်။ တတိယလူအမျိုးအစားအတွက် အကောင်းဆုံး နမူနာပြစရာ နယ်ပယ်အသီးသီးရှိ ပုဂ္ဂိုလ်ထူးများအနက် တစ်ဦးမှာ စာပေနယ်မှဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ဟု ဆိုထိုက်ပါသည်။

"အမျိုးဇာတ်သည် လူတစ်ယောက်၏ကြီးမြတ်မှု၊ နိမ့်ကျမှုကိုမသတ်မှတ်။ လူတစ်ယောက်၏ကြီးမြတ်မှု၊ နိမ့်ကျမှုကို သူ၏အပြုအမူကသာ သတ်မှတ်သည်"။ ဗုဒ္ဓ၏လူ့တန်ဖိုးစံသတ်မှတ်ချက်။ "အလုပ်လုပ်ပါ၊ ထိုက်တန်သောလုပ်အားခရလိမ့်မည်"။ ပုဂ္ဂိုလ်ထူးတစ်ဦး၏ မိန့်ကြားချက်။ "သက်ရောက်မှုတိုင်းမှာ တူညီသောတန်ပြန်သက်ရောက်မှုရှိသည်"။ အိုင်းဆက်နယူတန်၏ သီအိုရီ။ ကံသုံးပါးလုံးတွင် စေတနာထုံမွှမ်း လမ်းကြောင်းမှန်နေပါလျှင် ဝန်းကျင်အသိုင်းအဝိုင်းအလယ်မှာ ထိုက်တန်သောနေရာတစ်ခုရှိစမြဲပါ။ ငြင်းမရသော လောကနိယာမ။

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ကွယ်လွန်သည်မှာကြာခဲ့ပါပြီ။ သို့သော် စာပေအသိုင်းအဝိုင်းနှင့် ပြည်သူကြားမှာ ဆရာကြီး၏ ဂုဏ်သတင်းရနံ့ကြိုင်လှိုင်နေဆဲ။ စာဖတ်သူအပေါ် ဂါရဝ၊ နိဝတနှင့် ဆရာကြီး၏ "သစ္စာ"လင်္ကာလေးအတိုင်းပင် လက်ခံကျင့်သုံး၊ ဆရာကြီး၏ စေတနာသည် ပြည်သူကြားမှာ အစဉ်ထာဝရ ရှင်သန်ရှိနေဆဲ။ ဆရာကြီးမသေသေးပါ။

လူတိုင်းကိုယ့်သမိုင်းကို ကိုယ်တိုင်ရေးကြရာတွင် ဆရာကြီးသမိုင်းကိုကား လာဘ၊ သက္ကာရ၊ သိလောကအပေါ် အခြေမတည်၊ ပြည်သူ့ကိုအခြေပြု၊ စာဖတ်သူများနှလုံးသားမှ မှတ်ကျောက်တင် ကမ္ပည်းမော်ကွန်းထိုးထားနိုင်ခဲ့၍ပင် ဖြစ်ပါသည်။ ။

## စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း (၅/၂၀၁၅) ဖွင့်လှစ်

**ပဲခူး ဇွန် ၁၈**

ဇွန် ၁၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး(၇/၂) နတ်သျှင်နောင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၂) မူလတန်းကြိုကျောင်းသင်တန်းခန်းမ၌ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ် စဉ် (၅/၂၀၁၅)ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်းနှင့် လူမှုဝန်ထမ်းရုံးဝန်ထမ်းများ၊ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်၊ ဥပဒေပညာရှင်များ၊ မူးယစ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းသင်တန်းကို ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပဲခူးမြို့ပေါ် ရပ်ကွက်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦး တက်ရောက်ကာ လူမှုဝန်ထမ်းလုပ်ငန်းကြီး (၈) ရပ်၊ ကျောင်းသားလူငယ် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ခုခံအားကျဆင်းမှုရောဂါနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ရောဂါရှင်များအားကူညီခြင်း စသည့်အကြောင်းအရာများကို သင်ကြားပို့ချလက်တွေ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၈-၅-၂၀၁၅ရက်တွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MCEA)နှင့် စင်ကာပူနိုင်ငံ SPHERE EXHIBITS PTE LTD တို့မှ ပထမဦးဆုံးအကြိမ်ပေးအပ်သည့် အသက်(၃၀)နှင့် (၄၀)ကြား "ဆောက်လုပ်ရေးဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် စိန်တံဆိပ်"ဆုချီးမြှင့်ခြင်းခံရသည့် ဦးဝဏ္ဏထွန်း(MD၊ မြန်မာမဟာထွန်းကုမ္ပဏီလီမိတက်)အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါသည်။

တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

တောင်သူလယ်သမားများဖွံ့ဖြိုးရေးအများနှင့်သက်ဆိုင်သော ဘဏ်လီမိတက်

(ရောင်း)
သစ္စာလမ်းမကြီး (တ/ဥက္ကလာ)
ဝေဇယန္တာလမ်းအနီး
40' x 60' မြေနှင့် 2BNအိမ်
(ဖုန်း) 09-972351668 ,
09-794289258

လက်ခွဲ အိမ်ခြံမြေနှင့် Car Rental
ခရီးစဉ်အမျိုးမျိုးသွားရန်နှင့်
လချုပ်ငှားရန်ကားမျိုးစုံရှိသည်။
ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
Ph - 09-73021929

ဖုန်း SIM CARD ဝယ်မည်
73**- 80000 Ks
49**- 120000 Ks
50**- 180000 Ks
Ph:09-5089555

## အလှပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spaနှင့် ဆံထုံး၊ မိတ်ကပ်၊ လက်သည်း ပန်းချီ၊ ပန်းအလှပြင်အခြေခံနှင့် အထက်ပါ ဘာသာရပ်(၃၄)မျိုးကို အခြေခံမှစ၍ အဆင့်မြင့်အထိ သင်တန်းကြေး(နှစ်သိန်းခွဲ)နှင့် (၂)လအတတ်သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်း ဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာစုံ အခြေခံမှစ၍ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ ချုပ်နိုင်သည်အထိ သင်တန်းကြေး (တစ်သိန်းခွဲ)နှင့် အတတ်သင်ကြားပေးမည်။ နယ်မှလာသူ အဆောင်စီစဉ်ပေးမည်။ ညအချိန်ပိုင်း သင်တန်းရှိသည်။

ဖုန်း-၀၉-၄၉၂၂၈၁၂၄၊ ၀၉-၂၆၁၂၁၈၇၁၃၊ ၀၉-၄၉၂၆၈၃၀၅






### ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၆-၂၀၁၅ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ရွှေနေ ဦးဝင်းစိန် ကြော်ငြာတွင် အမှတ်စဉ်(၂)ပါ ကွင်း/အကွက်အမှတ်-၁၃၉၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ငှားမည်

မြေညီ ဘုရင့်နောင်လမ်းမပေ(၁၂$\frac{၁}{၂}$×၅၀)၊ ဆင်မလိုက်အနီး။

ဖုန်း-၀၉-၇၃၀၀၀၀၃၈

### မြေညီထပ်ငှားမည်

ကုန်ဈေးတန်းလမ်းမပေါ်၊ မြေညီထပ်(တိုက်သစ်) ငှားရန်ရှိသည်။
ဖုန်း-၀၉-၂၆၀၄၀၃၁၇၄၊
၀၉-၄၄၈၀၄၅ ၉၅၅၊ ၀၁-၃၈၀၅၂၇

သင့်သွေးဖြင့်အသက်ကယ်ပါ

# အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်အား ပြည်တွင်းပြည်ပမှ ခရီးသွားများ လာရောက်လေ့လာမှုများပြားလာ

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်အား ယခုနှစ်အတွင်း ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုလာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း သိရသည်။

"ဒီခံတပ်က ရှေးဘုရင်တွေလက်ထက်ကဆိုတော့ ပြည်ပခရီးသွားတွေတင်မကဘူး၊ ပြည်တွင်းခရီးသွားတွေကလည်း စိတ်ဝင်တစား လာရောက်လေ့လာကြပါတယ်။ ဧရာဝတီမြစ်ရဲ့ တောင်ဘက်မှာဆိုတော့ သဘာဝရှုခင်းကလည်းကောင်းတော့ ခရီးသွားများ နေ့စဉ်လာရောက်မှု များပြားပါတယ်။ ရှေးဘုရင်တွေတည်ဆောက်ခဲ့သောခံတပ်ဖြစ်တာကြောင့်လည်းပါပါတယ်။ မြန်မာလူမျိုးများ ဂုဏ်ယူဖွယ်ရာအဖြစ်နဲ့ ယနေ့တိုင် တွေ့မြင်နိုင်ပါတယ်" ဟု ဆင်ကျုံးကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ဆင်ကျုံးခံတပ်သည် အင်းဝမြို့ ဆင်ကျုံးကျေးရွာအနောက်ဘက် ဧရာဝတီမြစ်၏ တောင်ဘက်တွင် တည်ရှိသည်။ ၁၈၇၄ ခုနှစ်တွင် မင်းတုန်းမင်းက မူလဆင်ကျုံးနေရာကို ခံတပ်အဖြစ် အသုံးပြုခဲ့သဖြင့် ဆင်ကျုံးခံတပ်ဟုအမည်တွင်သည်။

ကုန်းဘောင်ခေတ်နှောင်းတည်ဆောက်ခဲ့သော မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ ဆင်ကျုံးခံတပ်၊ သပြေတန်းခံတပ်နှင့် အစေခံခံတပ်တို့ကို ကင်းဝန်မင်းကြီးနှင့်အဖွဲ့မှ အနောက်နိုင်ငံများသို့သွားရောက်လေ့လာပြီး ရရှိခဲ့သောအတွေ့အကြုံများကို အခြေခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

ဆင်ကျုံးခံတပ်သည် စတုရန်းပုံဖြစ်ပြီး အုတ်တံတိုင်းသုံးထပ်ပါရှိကာ အပြင်တံတိုင်းမှာ ပေ ၃၅၅ ပတ်လည် ပေ ၃၆ အရှည်ရှိထောင့်ပြေဖြင့်ဆောက်ထားသည်။ အလယ် တံတိုင်းမှာ ပေ ၂၉၃ ပတ်လည်ရှိပြီး တံတိုင်းနှစ်ခုကြားတွင် ၃၁ ပေကျယ်သော ကျုံးရှိသည်။ အတွင်းတံတိုင်းမှာပေ ၂၀၀ ပတ်လည်ရှိပြီး ခံတပ်အရှေ့ဘက်တွင် ကျုံးကူးတံတား တစ်စင်းပါရှိသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# ယာဉ်မတော်တဆမှု ခရီးသွားအာမခံလျော်ကြေးပေး

**ဟိုပင် ဇွန် ၁၈**

မန္တလေးမြို့မှ ဖားကန့်သို့ထွက်ခွာလာသော ခရီးသည်တင်ယာဉ်သည် ဇွန် ၁၀ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က ခရီးသည် ၁၀ ဦးတင်ဆောင်မောင်းနှင်လာစဉ် မိုးညှင်းမြို့နယ် ဟိုပင်မြို့အနီး နမ္မားကျေးရွာထိပ်ရှိ ဓာတ်တိုင်အား ဝင်တိုက်မိပြီး မော်တော်ယာဉ်တိမ်းမှောက် မီးလောင်ဓာတ်လိုက်ဖြစ်ခဲ့သဖြင့် ယာဉ်မောင်းနှင့် ခရီးသည်လေးဦး မီးလောင်သေဆုံးခဲ့ပြီး ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ခရီးသည်တင်ယာဉ်လိုင်းသည် ကမ္ဘောဇအာမခံကုမ္ပဏီနှင့် ခရီးသွားအာမခံတစ်ယူနစ်နှုန်း ချုပ်ဆိုဝယ်ယူထားရာ သေဆုံးသူများ၏အကျိုးခံစားခွင့်ကို တစ်ဦးလျှင် ကျပ်သိန်း ၃၀ နှုန်းဖြင့် ကျပ်သိန်း ၁၅၀၊ ဒဏ်ရာရရှိသူအတွက် ဆေးကုသစရိတ် ကျပ်သုံးသိန်းခြောက်သောင်း စုစုပေါင်းကျပ် ၁၅၃၆၀၀၀၀ ကို သေဆုံးသူမိသားစုများနေထိုင်သော မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့နှင့် တောင်သာမြို့နယ် ဝဲလောင်ကျေးရွာအုပ်စု ခံပင်ကျေးရွာများသို့ ကမ္ဘောဇအာမခံလုပ်ငန်းမှ တာဝန်ရှိသူများက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ အကွက်မှူးများနှင့်အတူ သွားရောက်ပေးအပ်ခဲ့သည်။ **သီဟကိုကို(မန္တလေး)**

# မိုးသီးနှံစုံ ထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေထုတ်ချေးမည်

**စဉ့်ကူး ဇွန် ၁၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ် စဉ့်ကူးမြို့နယ်ဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၆ အုပ်စုမှ တောင်သူပေါင်း ၇၅၀၀ ခန့်အား ၂၀၁၅ မိုးသီးနှံစုံ ထုတ်လုပ်မှုဘဏ်ချေးငွေ ကျပ်သန်းပေါင်း ၂၅၀၀ ကျော်ကို ယခုနှစ်မိုးရာသီ သီးနှံထုတ်လုပ်ချိန်အမီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဘဏ်ချေးငွေများကို တောင်သူများလက်ဝယ်အရောက် စိုက်ပျိုးချိန်အမီ ထုတ်ချေးသွားမှာဖြစ်ပါတယ်။ ထုတ်ချေးရာမှာလည်း ချေးယူသူတောင်သူသုံးဦးလျှင် အဖွဲ့တစ်ဖွဲ့စီဖွဲ့ပြီး အချင်းချင်းအာမခံသည့် အစုအဖွဲ့စနစ်ဖြင့် ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ အမှန်စိုက်ပျိုးမည့် သီးနှံဧကများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) တင်ပြနိုင်သူ တောင်သူလယ်သမားများကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ်မှာ စီမံကိန်းစပါးဧက ၂၂၂၅၇ ဧကနှင့် အခြားသီးနှံဧက ၇၉၅ လျာထားပြီး စပါးတစ်ဧက ကျပ်တစ်သိန်းနှုန်းနှင့် အခြားသီးနှံတစ်ဧက ကျပ်နှစ်သောင်းနှုန်း ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက ပြောသည်။

စဉ့်ကူးမြို့နယ်တွင် ယမန်နှစ်က မိုးစပါးအမှန်စိုက်ပျိုးသော တောင်သူများ နစ်နာမှုမရှိစေရေးအတွက် မိုးရာသီချေးငွေများကို ကန့်သတ်မှုမရှိဘဲ တစ်ပြေးညီထုတ်ချေးပေးခဲ့ကြောင်း သိရပြီး ယခု ၂၀၁၅ မိုးရာသီချေးငွေများ ထုတ်ချေးရာတွင် အဆင့်ဆင့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေ နည်းဥပဒေအခန်း (၁၂) မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားခြင်းပုဒ်မ ၁၀၃ အရ မြေနုကျွန်းဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်၍ ပုံစံ (၇)ထုတ်ပေးလို့မရသည့် မမြဲသောမြေနုကျွန်းမြေ၊ ရွှေ့ပြောင်းတောင်ယာ၊ လယ်ယာမြေတွင် အခြားနည်းအသုံးပြုထားသောမြေ၊ သစ်တောမြေနှင့် စိုက်ပျိုးခြင်းမပြုနိုင်သော မြေပိုင်ရှင်တောင်သူများကို ချေးငွေများ ထုတ်ချေးမပေးနိုင်ကြောင်း သိရပြီး ပုံစံ(၇) ထုတ်ပေး၍ရသည့် လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်၊ သီးနှံစိုက်တောင်သူများကိုသာ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်**


## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၁) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၁၀၉) ရှိ (၂) ခန်းတွဲ (၆) ထပ်တိုက်ရှိသည့်အနက်မှ (၁၂½ × ၅၀) ပေရှိ မှန်ခန်း (B) တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကျော်ဝင်း ကန်ထရိုက်တာ (၁၂/အစန (နိုင်)၀၀၀၁၇၈) ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၄-၆-၂၀၁၅) ရက်နေ့တွင် စရန်ငွေတချို့ အားပေးချေပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦးလှမြင့်ဌေး၊ ဒေါ်စမ်းစမ်းဦးတို့၏ ညွှန်ကြားချက်အရ –
**ဦးထွန်းသန့်ဇင်အောင်**
LL.B, WIPO, DLP (Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၉၄၂)၊ အခန်းအမှတ် (C-1)၊ May Shopping (အပေါ်ထပ်)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၁၅၀၄၀၃

## အမွေစားအမွေခံသမီးအဖြစ်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ အောင်မင်္ဂလာအိမ်ရာဝင်း၊ အမှတ်-၈ တွင် နေထိုင်သူ ဒေါ်ရွှေသင်း (၁) သမီးငယ် (ဘ) ဦးဖေတင် ( ၁၀/မလမ (နိုင်) ၀၃၃၁၉၉) ကိုင်ဆောင်သူ၏သမီး မတင်မာရွှေ (ဘ) ဦးတင်မောင် ( ၁၀/မလမ (နိုင်) ၀၃၃၀၅၃ ) ကိုင်ဆောင်သူသည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ပိုင်ငွေများအားယူဆောင်သွားကာ မိမိသဘောဆန္ဒ အလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစပြီး အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် မိခင်ပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်း နိုင်သောပစ္စည်းအားလုံးသည် ယနေ့စပြီးမတင်မာရွှေနှင့်မည်သို့မျှ ပတ်သက်ခြင်းလုံးဝ (လုံးဝ) မရှိပါကြောင်း မတင်မာရွှေနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — ဒေါ်ရွှေသင်း
ညွှန်ကြားချက်အရ –
ဒေါ်နီနီစိုး ( စဉ်-၂၃၆၆ ) Advocate
B.A (Law) , LL.B, B.D.S, E.D.S, ESB (India)
ဒေါ်သီတာဌေး (စဉ်-၇၈၁၆) DLP, WIPO ( SWITZERLAND )
ဒေါ်နှင်းနုထွေး (စဉ်-၈၀၃၂) အမှတ်-၁၁၈၊ ပထမထပ် (ဝဲ) ၊ (၃၃) လမ်း၊
တရားလွှတ်တော်ရှေ့နေများ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၉၀၈၇၄ ၊

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်ခင်ခင်စိုး[၁၂/တမန(နိုင်)၀၂၂၉၂၅]နှင့် ဦးမြင့်လွင်[၁၂/ဒဂတ(နိုင်)၀၁၈၃၁၁] တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၂-၆-၂၀၁၅ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင်တွင် ဦးမြင့်လွင်နှင့်ပတ်သက်သော ကိစ္စအဝဝမှာ ကျွန်မ ဒေါ်ခင်ခင်စိုးနှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ကိစ္စအဝဝ၌ ဝင်ရောက်နှောင့်ယှက်ခြင်းများပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်ခင်ခင်စိုး[၁၂/တမန(နိုင်)၀၂၂၉၂၅]

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ် (၈၈၃)နေ ဒေါ်ထွေးတင်[၁၂/မရက(နိုင်)၀၄၁၆၄၂](ဘ)ဦးမောင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထွေးတင်သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၆၂၄ ရက်စွဲ ၂၇-၁၁-၂၀၁၄ရက်က ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို ၆၀၅-၁၇+၁(အေ)တွင်နေ (ဘ)ဦးညွန့်လှိုင်၏သား ဦးမောင်မောင်စည်သူလှိုင် [၁၂/မရက(နိုင်)၀၀၂၃၉၁]အား အခန်းပေးအခန်းယူ ကန်ထရိုက်စနစ်ဖြင့် နှစ်ခန်းတွဲ (၆)ထပ်တိုက်(၁)လုံး ဆောက်လုပ်ခြင်းကတိစာချုပ်ကို ၂၀-၈-၂၀၁၄ရက်က ချုပ်ဆိုပြီးနောက် အထွေထွေကိုယ်စားလှယ်အထိပင်ပေး၍ လွှဲအပ်ခဲ့ပါသည်။

သို့ပါသော်လည်း ကန်ထရိုက်တာ ဦးမောင်မောင်စည်သူလှိုင်သည် နှစ်ဦးသဘောတူကတိစာချုပ်၏ စာမျက်နှာ(၂)အပိုဒ်(၄)ပါသဘောတူချက်ကို ချိုးဖောက်၍ ပျက်ကွက်သဖြင့် ဒေါ်ထွေးတင်မှ ၎င်းအား ယုံကြည်၍ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ကတိစာချုပ် စာမျက်နှာ(၂)၊ အပိုဒ်(၄)ပါနေ့ရက်၏ နောက်နေ့ဖြစ်သော ၂၁-၁-၂၀၁၅ရက်မှစ၍ ရုပ်သိမ်းပါကြောင်း ဦးမောင်မောင်စည်သူလှိုင်နှင့် အများသိစေရန် ထပ်လောင်း၍ ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — ဒေါ်ထွေးတင်
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြင့်မြင့်သန်း (စဉ်-၁၆၇၀)
တရားလွှတ်တော်ရှေ့နေ
B.A(Law), LL.B
၂၈၄၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်

## ဇနီးအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်ကျေးရွာအုပ်စု၊ မကျည်းကန်ကျေးရွာနေ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းဇော်[၁၂/လကန(နိုင်)၁၆၂၀၅၅]နှင့် ဒေါ်ဇင်မာသူ (HGU-174450) တို့သည် ၂၀၀၄ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး ဒေါ်ဇင်မာသူမှ ကျွန်ုပ်၏မိတ်ဆွေ ခွင့်မလွှတ်နိုင်သည့်အမှားများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဒေါ်ဇင်မာသူအပေါ် လှည်းကူးမြို့နယ်၊ တရားရုံးတော်တွင် တရားမကြီးမှုအမှတ်-၄၄/၂၀၁၄ဖြင့် တရားဝင်အကြင်လင်မယားအဖြစ် ကွာရှင်းခွင့်ပြုပါရန် လျှောက်ထားခဲ့သဖြင့် ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်တွင် ကွာရှင်းခွင့်အနိုင်ဒီကရီကို ရုံးတော်မှ အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းဇော်နှင့် ဒေါ်ဇင်မာသူတို့သည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် ဒေါ်ဇင်မာသူမှ ကျွန်ုပ်မိတ်ဆွေ၏ လူမှုရေးကိစ္စနှင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းမပြုပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးမင်းဇော်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဖြူဖြူမြင့် **(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၂၈၆၅၄)
အမှတ်(၇/၁၅၂)၊ နေကျော်ရပ်ကွက်၊ နေကျော်လမ်း၊ ကျွန်းကလေး၊ လှည်းကူးမြို့နယ်၊
ဖုန်း-၀၉-၄၃၀၇၂၃၁၅

## တောင်ကြီး(အေးသာယာ)စက်မှုဇုန်တွင် မြေကွက်ဝယ်ယူခွင့်ရရှိသူများသိရှိစေရန်ကြေညာချက်

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၌ စက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍၊ ၁၉၉၆ခုနှစ်တွင် တောင်ကြီး(အေးသာယာ) မူလစက်မှုဇုန်အားလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် တောင်ကြီး(အေးသာယာ) တိုးချဲ့ စက်မှုဇုန်အားလည်းကောင်း မြေကွက်အမျိုးအစားအလိုက် မြေကွက်များ ဖော်ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ၎င်းစက်မှုဇုန်ရှိ မြေကွက်များ ဝယ်ယူရရှိထားသည့်လုပ်ငန်းရှင်များသည် အချို့မှာ အဆောက်အအုံဆောက်လုပ်ထားပြီး လုပ်ငန်းလည်ပတ်မှုမရှိခြင်း၊ အချို့မှာ အဆောက်အအုံဆောက်လုပ်ခြင်းမရှိ လုပ်ငန်းလည်ပတ်မှုလည်းမရှိသော မြေကွက်လွတ်များအဖြစ်သာ စိစစ်တွေ့ရှိရခြင်း၊ အချို့လုပ်ငန်းရှင်များမှာ စက်မှုဇုန်သို့ သွားရောက်လုပ်ကိုင်ခြင်းမရှိဘဲ တောင်ကြီးမြို့ပေါ်တွင်သာ စက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ အချို့မှာ မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲထားမှုမရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အေးသာယာစက်မှုဇုန်ရှိ မြေကွက်များ ဝယ်ယူရရှိထားသူများ၏ မြေကွက်များနှင့်ပတ်သက်၍ ပြန်လည်စိစစ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကြေညာ သည့်ရက်မှ ရက်ပေါင်း (၃၀)အတွင်း တောင်ကြီး(အေးသာယာ)စက်မှုဇုန်၊ စက်မှု လုပ်ငန်းများနှင့် မြေနေရာများ စာရင်းဇယားကောက်ယူပြုစုရေးလုပ်ငန်းကော်မတီ၊ တောင်ကြီးခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ကြီးမြို့သို့ မြေကွက်ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ရုံးချိန်အတွင်း လာရောက် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ၎င်းကာလထက်ကျော်လွန်ပြီး လာရောက် ဆက်သွယ်ခြင်းမရှိပါက အထက်ပါစက်မှုဇုန်ရှိမြေကွက်များအပေါ် စီမံခန့်ခွဲရေး နည်းလမ်းများအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တောင်ကြီး(အေးသာယာ) စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်ဦးစီးဌာနမှူး၊ ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၊ ဖုန်း ၀၈၁-၂၁၂၅၄၉၁၊ ၀၈၁-၂၁၂၂၄၄၄ များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တောင်ကြီး(အေးသာယာ)စက်မှုဇုန်**
**ကြီးကြပ်ရေးကော်မတီ**

သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသန ပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိုပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက် ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လူ့တန်းကြေ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လှူဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။

ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

## နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

အမရပူရမြို့လူနေရပ်ကွက်များအတွင်း ထင်ရှားသော ဘုရားပုထိုးများလည်း ယခုတိုင် ရှိသေးသည်။ နဂါးရုံဘုရားမှာ ထူးခြားသော ပန်းတော့လက်ရာဘုရားဖြစ်သည်။ ရွှေဂွမ်းထုပ်ရပ်ကွက်နှင့် ဖန်ချက်ရပ်ကွက်ကြားတွင် တည်ရှိသည်။ တောင်သမန်အင်းကို မုဉ္စလိန္ဒာအိုင် အမှတ်ပြု၍ အရှေ့ဘက်လှည့် တည်ထားခဲ့သည်။ သက္ကရာဇ် ၁၂၀၀ ပြည့်တွင် မွမ်းမံပြင်ဆင်ခဲ့သည်။ အမြင့်ပေ ၂၀၀ ကျော်ရှိသဖြင့် အဝေးကပင် ဖူးမြော်နိုင်သည်။ ရှေးခေတ် အမရပူရသို့ ရောက်ရှိလေ့လာကြသော အင်္ဂလိပ်သံတမန်များကပင် ဤနဂါးရုံဘုရားတည်ထားမှုကို ချီးမွမ်းရေးဖွဲ့ကြသည်။

အမရပူရမြို့တော်၏ အနောက်တောင်ထောင့် လေးကျွန်းမြေတွင် ပြာသာဒ်ကြီးဘုရား တည်ရှိသည်။ ခြေနှစ်ဖက် ချထိုင်တော်မူဟန် ရုပ်ပွားဆင်းတုရှိသဖြင့် လူသိများထင်ရှားသည်။ ဘုရားဒါယကာမှာ အမရပူရမြို့တည်၊ နန်းတည် ဘိုးတော်ဘုရား၏သားတော် တောင်ငူမင်းသားဖြစ်သည်။

တောင်သမန်အင်းထိပ် အမရပူရ၏ အရှေ့တောင်ထောင့် မယ်ဘယက်ကုန်းတွင် ဘကြီးတော်မင်းလက်ထက်သက္ကရာဇ် ၁၁၈၉ ခုနှစ်က မယ်ဘယက်သူကြွယ် တည်ထားခဲ့သော ဘုရားတစ်ဆူကိုလည်း မယ်ဘယက်ဘုရားဟု ယခုတိုင်တွင်သည်။ မယ်ဘယက်ကုန်းမှ ကျောက်တော်ကြီးသို့ ကူးသွားရန် အုတ်တံတားခင်းထားသည်။

**ရွှေမုဋ္ဌောဘုရား**

တောင်သမန်၏ အရိပ်အခင်းကောင်းမွန်သော အရှေ့ဘက်၊ အနောက်ဘက် ဝန်းကျင်တွင် ရှေးဘုရား များ၊ ကျောင်းတိုက်များဖြင့် တွေ့ရမည်ဖြစ်၏။ တောင်မင်းကြီး ဘုရားအနောက်ဘက်တွင် အမရပူရတောင်လေးလုံး ကျောင်းတိုက်၊ ၎င်း၏ အနောက်ဘက်တွင် အောင်မြင်ခြင်းရှစ်ပါး ကျောင်းတိုက်၊ အနောက်မြောက်ဘက်တွင် ဘုန်းတော်ကြီးကျောင်းများနှင့် အမရပူရ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးဘုရား တည်ရှိသည်။ ဘုရားနီ(ခေါ်) ရွှေမုဋ္ဌောဘုရားသည် သက္ကရာဇ် ၂၁၈ ခုနှစ် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော ရှေးဘုရားဟု အဆိုရှိသည်။ ဘိုးတော်မင်းတရားလက်ထက် ၁၁၄၇ ခုနှစ်၌ ဈေးကောက်ကြီး ဦးရွှေခင် ပြုပြင်တည်ဆောက်သည်။ ဘုရားတည်ရာ မပြီးသဖြင့် အုတ်နီတိုက်ကြီးပမာဖြစ်နေ၍ ဘုရားနီကြီးဟု ခေါ်ဝေါ်ခဲ့ရာမှ ယခု မဟာဂန္ဓာရုံ ဆရာတော် အရှင်ကုဏ္ဍလာ ဘိဝံသဦးစီး၍ (၄၆) ပေရှိ ရွှေမုဋ္ဌောဘုရားကို ကြည်ညိုဖွယ် မွမ်းမံတည်ထားပြီးဖြစ်သည်။

တောင်သမန်ဝန်းကျင် ထင်ရှားသော ကျောင်းတိုက်များတွင် မဟာဂန္ဓာရုံကျောင်းတိုက်သည် သံဃာတော်ပေါင်း ၁၀၀၀ ကျော်ရှိသဖြင့် အမရပူရတွင် အကြီးဆုံး ကျောင်းတိုက်ကြီးဖြစ်သည်။ ဂန္ဓာရုံတိုက်၏ မြောက်ဘက်တွင် ကျော်အောင်စံထားကျောင်းတိုက်တည်ရှိသည်။ ဗဒုံမင်း လက်ထက်တွင် ဒုတိယကျော်အောင်စံထား ဆရာတော်သည် ဘုံလေးဆင့်နှင့်တကွ လှေကားရှစ်စင်းတပ် ကျောင်းတော်တွင် သီတင်းသုံးသည်။ အခြားထင်ရှားသော ကျောင်းတိုက်များတွင် တူမောင်းတိုက်သည်လည်း ထင်ရှားသည်။ အများအားဖြင့် ကျောင်းတိုက် အများအပြား မန္တလေးမြို့ တည်သောအခါ ရွှေ့ပြောင်းရာ၌ပါလာသည်။ အမရပူရ၏ သမိုင်းဆိုင်ရာများ ဖြင့် လှည့်လည်လေ့လာကြည့်ရှုနိုင်ကြသေး၏။ ဘကြီးတော်၏ အုတ်ဂူမှာ အမရပူရနန်းတော် အနောက်ဘက်တောင်ထောင့်တွင် တည်ရှိ၏။ ရွှေလင်းပင်ဘုရား အရှေ့ဘက်လမ်းမကြီး၏ မြောက်ဘက်ဖြစ်သည်။ ပေ ၄၀ ပတ်လည်ရှိ ပရိဝုဏ်တွင် ကုလားကျောင်းခံသုံးပေါက် အုတ်ပြာသဒ်ပေါက် အဆောက်အအုံဖြစ်သည်။ အရိုးအိုးစေတီ၏ အလယ်တွင် အရိုးအိုးဂူများ၏ ထုံးစံအတိုင်း ဆင်းတုတစ်ဆူတည်ထားသည်။ ကျောက်စာ ထိုးထားသည်။ သာယာဝတီမင်း၏ အုတ်ဂူ(အရိုးအိုးစေတီ) မှာလည်း နန်းတော်နေရာ၏ မြောက်ဘက်တွင် တည်ရှိပြီး ဘိုးတော်၊ ဘကြီးတော်တို့ အဆောက်အအုံထက် အနည်းငယ်သေးသည်။ အုတ်ဂူများအပြင် အခြား သမိုင်းဝင်လေ့လာစရာများအဖြစ် အမရပူရခေတ် မဲနယ်စက်ရုံနေရာကိုလည်း တစ်ဆက်တည်း ကြည့်ရှုလေ့လာနိုင်သည်။ မဲနယ်စက်ရုံနေရာကိုလည်း တစ်ဆက်တည်း ကြည့်ရှုလေ့လာနိုင်သည်။ မဲနယ်စက်ရုံအနီး မဲနယ်ကန်ဟောင်းကြီးများ ရှိသေးသည်။ အရှေ့ဘက်တွင် ခေါင်းတိုင်နှင့် မီးဖိုဟောင်းရှိသေးသည်။ မြန်မာပြည်၏ ပထမဆုံး မဲနယ်စက်ရုံဖြစ်သည်။

အမရပူရမြို့ဟောင်း၏ အထိမ်းအမှတ် လက်ကျန် အဆောက်အအုံများတွင် ဘိုးတော်မင်းလက်ထက် ဆောက် လုပ်သော အမြင့် ၄၅ ပေကျော်ရှိ နန်းမြင့်မျှော်စင်၊ ၎င်း တောင်ဘက်ရှိ အလျားပေ ၅၀၊ အနံပေ ၃၅ ရှိ ရွှေတိုက်ရှေးဟောင်းအဆောက်အအုံတို့ ပျက်စီးမှုမရှိစေရန် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

**ဘိုးတော်ဂူဗိမာန်(အရိုးအိုးစေတီ)**

အမရပူရနန်းတော်ရာ၏ အရှေ့တောင်ထောင့် ရွှေစံကားစေတီတော်၏ မြောက်ဘက်တွင် တည်ရှိသည်။ တောင်သမန် ကန်ပတ်လမ်းမှလည်း ဝင်ရောက် လေ့လာနိုင်သည်။ ပေ ၈၀ ပတ်လည် အကျယ်ရှိ ပရိဝုဏ်အတွင်း အလယ်ပေ ၅၀ ပတ်လည်ရှိ ကုလားကျောင်းခံစေတီ တည်ထားသည်။ မုခ် ၁၂ ပေါက် ရှိသည်။ အရိုးအိုးစေတီတော်၏ ထုံးစံအတိုင်း အလယ်တွင် ရုပ်ပွားဆင်းတုတော်ကို တည်ထားသည်။ ရှေးဟောင်းသုတေသနမှ ထိန်းသိမ်းထားရာ အရှေ့ဘက် မျက်နှာစာတွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ကျောက်စာစိုက်ထူထားသည်။

**ဘကြီးတော်၏ ဂူဗိမာန်**

အမရပူရနန်းတော် အနောက်တောင်ထောင့် ပြာသဒ်ကြီးရှာ ရွှေလင်းပင်ဘုရားအရှေ့ဘက် လမ်းမကြီး၏ မြောက်ဘက်တွင် တည်ရှိသည်။ ပေ ၄၀ ပတ်လည်ရှိ ပရိဝုဏ်အတွင်း ပေ ၂၀ ခန့်ရှိ ကုလားကျောင်းခံမုခ်သုံးပေါက်စေတီ အလယ်တွင် ရုပ်ပွားတော်တည်ထားသည်။ အရှေ့ဘက် မျက်နှာစာတွင် ကျောက်စာရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၅၂/၅၄)၊ သုံးခန်းတွဲ (၈)ထပ်အဆောက်အအုံမှ မျက်နှာမူလျက် (ဝဲအစွန်) မြေညီ+ပထမထပ်ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သက်သက်မာ[၁၂/မဂတ(နိုင်)၀၅၄၅၄၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(စဉ်-၄၀၃၅)
LL.B, DBL,DML,DIL,DLP,WIPO (Switzerland)
ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L,D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel:294866, HP:09-5017044, 09-73107094

## ကိုသန့်ဇင်
## CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

## ပိုက်ခြောလစ်/လေဖိအား
**Fully Auto အုတ်ရိုက်စက်**
**ခေတ်မီမြေအုတ်ရိုက်စက် ရပြီ**
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးဘာဏ္ဍာသိုလ်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၅-၂၀၁၅ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၇)"ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ" ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၄၇၁၏ အမည်ပေါက်ပိုင်ရှင် ဦးအောင်သန်းနှင့် ဒေါ်အေးအေးမြင့် အစား ဦးအောင်သန်းနှင့် ဒေါ်စောစောမြင့် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ သဲအိုကျေးရွာအုပ်စု၊ ကွင်းအမှတ်(ဇီးဖြူရေကွင်းပြင်)ရှိ ဦးပိုင်အမှတ်(၉၀) မြေမျိုးနှင့်အတန်း (ယာမြေ)၊ ဧရိယာ(၃)ဧက၊ ဒေါ်ခင်သန်းဝေ[၁၂/မဂဒ(နိုင်)၀၁၂၆၆၃] အမည်ပေါက် ယာမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ(၃)ဧက၊ ယာမြေကွက်ကို ဒေါ်မာမာစိန်[၁၂/ဥကတ(နိုင်)၀၇၇၁၅၅]က အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် အမည်ပေါက်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါ၍ ယင်းမြေကွက်ကို အခြားသူ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိလျှင် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သိန်းကျော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃)
ရုံးခန်း၊ တိုက် ၃၃၉၊ ပထမထပ်၊ ၁၅၇လမ်းထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၅၄၉၇၀

အိမ်၊ ခြံ၊ မြေဆိုင်ရာကိစ္စရပ်များ၊ တရားရုံးအမှုကိစ္စများ ကိုယ်တိုင်ဆောင်ရွက်ပေးပါ၍ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ မဟာနွယ်ညှော့ရိပ်မွန်ခြံအမှတ်(၂)နေ ဒေါ်စန်းမြဦး[၁၂/သလန(နိုင်)၀၅၃၃၄၄]၏သားဖြစ်သူ မောင်အောင်မျိုးမင်း(ခ)အောင်အောင်(ခ)အောင်ကြီး[၁၂/သလန(နိုင်)၀၀၂၇၁၃]သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်စန်းမြဦး**

## ဒေါ်ဒါလီသန့်ဇင်နှင့်အများသိစေရန်

Nann Yar Int'l Trading Co., Ltd. တွင် Marketing Executive အဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သော ဒေါ်ဒါလီသန့်ဇင်[၁၂/တမန(နိုင်)၁၀၃၇၀၂]သည် ငွေကြေးကိစ္စများ၊ စာရင်းများ ရှင်းလင်းခြင်း မရှိဘဲ ၁၀-၆-၂၀၁၅ ရက်မှစ၍ ရုံးသို့ လာရောက်ရန် ပျက်ကွက်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း လာရောက်ရှင်းလင်းပေးရန်နှင့် လာရောက်ရှင်းလင်းခြင်းမပြုပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးကြေညာအပ်ပါသည်။

**Nann Yar International Trading Co.,Ltd.**

## ကန့်ကွက်နိုင်ပါသည်

အမှတ်(၈)၊ အဝေရာလမ်း၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်- ကံဘဲ့၊ မြေကွက်အမှတ်(၁၁၇/သ၂)၊ ဧရိယာ(၀. ၀၄၈)ဧက၊ ပေ(အလျား ၃၀×အနံ၇၀)ကျယ်ဝန်းသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံကို လက်ရှိအမည်ပေါက်ပိုင်ရှင် ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း) [၁၃/တကန(နိုင်)၀၁၆၁၆၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေနှစ်ဦးမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါ အိမ်နှင့်မြေကို ဝယ်ယူရန် စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်နှင့်မြေကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆို ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဒေါ်အေးမြင့်ရီ(စဉ်-၃၁၀၅၄)
B.Sc, DA, HGP, R.L, D.BL, DML, DIL
ဒေါ်ချောချောအေး LL.B(စဉ်-၂၇၄၆၇)
ဒေါ်ဝါဝါစံ LL.B(စဉ်-၂၇၈၆၀)
အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၄၂၁၀၁၅၂၅၅

ဦးသိန်းညွန့်
BA, HGP, R.L, D.BL, DML, DIL
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)
အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၃၆၀၅၉၅၀၃

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

### (၂၉) ကြုံလေပြန်ရသည် ခိုင်

၁၉၅၇-ခုနှစ်၊ စက်တင်ဘာလအတွင်း ကျွန်တော် အင်္ဂလန်ပြည်သို့ ထွက်ခွာသွားရန်ပြင်သည်။

ကတိအတိုင်း ငြိမ်းမောင်နှင့် ခိုင်သည် ယူဘီအေ လေယာဉ်ပျံဖြင့် ရန်ကုန်သို့ ဆင်းလာကြသည်။

လိုင်ကမူ ဆေးသိပ္ပံ ဒုတိယနှစ်၌ ခြေလက်ချော်၍ တစ်နှစ်ကျပြီးနေသဖြင့် စာကြိုးစားနေရသောကြောင့် ပါမလာ။ ငြိမ်းမောင်နှင့် ခိုင့်ကို အတူ ဆင်းလာခွင့်ပေးသည်ကို ထောက်၍ သူတို့နှစ်ဦးအား ကိုကိုနှင့် မြိုင်သည် သဘောတူထားဟန်ရှိသည်။

ခိုင်က . . . သူအိမ့်တွင် တည်းသည်။ ငြိမ်းမောင်က ကျွန်တော့်အခန်း၌ လာနေ၏။

ငြိမ်းမောင်၊ ခိုင်နှင့် . . . တစ်ခါတစ်ရံ မမကြိုင်ပါ ကျွန်တော်တို့သည် ရန်ကုန်မြို့တွင်း၌ လျှောက်လည်ကြသည်။

ကျွန်တော် မြန်မာပြည်မှ မထွက်ခွာမီ သုံးရက်ခန့်အလို၌ ခိုင်ရော၊ ကြိုင်ရော၊ ငြိမ်းမောင်ပါ . . . သန်လျင်သို့ သွားကြသည်။ ဖေဖေ၊ မေမေတို့နှင့် ခွဲခွာခါနီး ပျော်ပျော်ရွှင်ရွှင်နေကြရန်ဖြစ်သည်။

ပျော်ရွှင်သင့်သော အချိန်လည်း ဖြစ်ပါသည်။ ကျွန်တော်သည် ဖေဖေ၏ မျှော်လင့်ချက်ဖြစ်သော အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ကိုယူပေးနိုင်တော့မည်မဟုတ်ပါလော . . .။

မေမေသည် မပြောင်းလဲစွာ စားဖွယ်၊ သောက်ဖွယ်တို့ကို ချွေးတလုံးလုံး တပြုံးပြုံးနှင့် ချက်သည်။

နိုင်ငံခြားရောက်လျှင် မြန်မာအစာကို အထူးလွမ်းတတ်သည်ဟု ငြိမ်းမောင်က ပြောသဖြင့် မေမေသည် မြန်မာ့အစားအစာကောင်းစစ်များကိုသာ ချက်ကျွေးသည်။

မဟုတ်က ဟုတ်က တွေးပြီး ဖောက်သူမှာ ဒေါ်လေး ဒေါ်စာဥကြီး ဖြစ်သည်။

ကျွန်တော် အင်္ဂလန်သို့သွားလျှင် ယူသွားရန်အတွက် ဒေါ်လေးငါးပိကြော် ကြော်နေသည့်အနီးသို့ ကျွန်တော်က မမေစန်း၏သား မောင်ကလေးနှင့် ကျွန်တော့်အား တစ်ဝက်စီပေးပြီး ဆိုသည်။

" အခုသာ မောင်က ဒေါ်လေးပေးတဲ့ ပုစွန်ခြောက်ကို စားတာပါ . . .။ ပြန်လာရင် ဗိုလ်မ ပါလာပြီး ဘိစတိတ်တို့ ကတ်တလိတ်တို့ကို လက်ငါးချောင်းရှိရက်နဲ့ ခက်ရင်းနဲ့ ထိုးစားချင်တယ် ပြောမှာ . . . "

" ဟာ . . . ဒေါ်လေးကလည်း . . . ဗိုလ်မ ယူလာပြီး ဗိုလ်လုပ်တဲ့ခေတ်ဟာ ကုန်ပါပြီ။ ကျွန်တော်က ဗမာမ,သာ ပြန်ယူမှာ . . . "

ဒေါ်လေးသည် ယောက်မကြီးကို လွှတ်လိုက်ပြီး ထုံးစံအတိုင်း ဝါသနာကြီးစွာ မေး၏။

"မောင်က ဗမာမ . . . ပြန်ယူမယ်။ နေဦး . . . ဘယ်သူ့ကိုယူမှာလဲ၊ တွေ့ထားပြီးပြီလား"

"တွေ့ထားတယ်တော့ ဘယ်ဟုတ်မလဲ ဒေါ်လေးရ . . .။ ကိုယ့်ဆန္ဒကို ကိုယ်ပြောတာ . . . "

ဒေါ်လေးသည် တစ်စုံတစ်ခုကို မကျေနပ်ဟန် မျက်နှာထားစူစူနှင့် ငါးပိကြော်သည်။ အတန်ကြာမှ ဘာစိတ်ကူးရသည်မသိ၊ ပြုံးဖြီးဖြီးနှင့် ပြောသည်။

"ဆန္ဒရှိရင် နားဖောက်ထားရတယ် တော်ရေ့ . . .။ မောင့်မှာ လက်ကျန် နည်းနေပြီ . . . "

"ဒေါ်လေး ဘာပြောတာလဲ"

"သြော် . . . လက်ကျန်နည်းနေပြီဆိုတာ ရှင်းသားပဲ။ ဘိလပ်မရောက်ခင် ဗမာစကား နားမလည်တော့ဘူးလား။ လက်ကျန်နည်းနေပြီဆိုတာ လက်ကျန်နည်းနေပြီပဲပေါ့။ ဒီထက် ရှင်းအောင် ပြောလိုက်ရဦးမလား . . . "

" အာ . . . အာ . . . တော်ပါပြီ ဒေါ်လေး . . .။ အဲဒါက အရေးမကြီးဘူး၊ တစ်ခါတုန်းကလို ဒေါ်လေး ငါးပိကြော် အိုးကြီး တူးသွားဦးမယ် . . . "

ကျွန်တော်သည် ဤသို့ စကားဖြတ်၍ ဒေါ်လေးအပါးမှ လစ်ခဲ့ရသည်။

ခိုင်နှင့် ကြိုင်မှာ ကျွန်တော်တို့ အိမ်တွင်ပင် နေသည်။ ငြိမ်းမောင်ကမူ သူ့ဖခင် အိမ်တွင်ပင် နေပါ၏။

နံနက်စာကို သူ့အိမ်တွင် စားပြီး ငြိမ်းမောင်သည် ကျွန်တော်တို့နှင့် တစ်နေ့လုံး လာနေတတ်သည်။

တစ်ခါတစ်ရံ နံနက်ပိုင်းလာ၍ နေ့ခင်းပိုင်းပြန်ပြီး ညနေစောင်းမှ ပြန်လာတတ်သည်။

တစ်ညနေတွင် ငြိမ်းမောင်သည် အရောက်နောက်ကျသည်။ ကြိုင်သည် မေမေနှင့် ဒေါ်လေးတို့နှင့်အတူ ဈေးလိုက်သွားသည်။

ဖေဖေနှင့် စကားပြောရာမှ ကျွန်တော်သည် ခြံတွင်းသို့ ဆင်းလာခဲ့သည်။ အမှတ်မထင်ပင် ကျွန်တော့် ခြေလှမ်းများက ခြံနောက်ပိုင်းသို့ သယ်ဆောင်လာခဲ့၏။

မြရာပင်ကြီးကို လှမ်းမြင်ရချိန်၌ ကျွန်တော့်ခြေလှမ်းများ တုံ့သွားသည်။

ခိုင်သည် မြရာပင်ခြေ၌ ပင်စည်ကို မှီထိုင်ရင်း အဝေးသို့ ငေးလျက်ရှိနေ၏။

ကျွန်တော်သည် ခိုင့်အနီးသို့ ကပ်လျက် အသာအယာ ရပ်လိုက်မိ၏။

ခိုင်သည် လှမ်းမကြည့်ဘဲ အဝေးသို့သာ ဆက်ငေးမြဲငေးနေ၏။

ဘေးတိုက်မြင်ရသော ခိုင့်မျက်နှာလေးကို ကြည့်ရင်း ကျွန်တော်ကလည်း ဘာစကားမျှ မဆိုမိ။

လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော်က ဤနေရာလေး၌ပင် ခွဲရခါနီး ကြုံခဲ့ရသည်ကို အမှတ်ရသဖြင့် ရင်တွင်းဝယ် မသိမသာ လှုပ်ရှားနေ၏။

" ထိုင်လေ . . . မောင် "

ခိုင်က လှည့်မကြည့်ဘဲနှင့်ပင် ဆိုသည်။

ကျွန်တော်သည် ခိုင်နှင့် ခပ်ကွာကွာ မြေပြင်တွင် ထိုင်လိုက်၏။ ကျွန်တော့်မျက်လုံးများသည် ခိုင့်ဘေးရှိ ဖောင်တိန်ညှပ်လျက်သား ပိတ်ထားသည့် စာအုပ်ဆီ ရောက်သွား၏။

"ခိုင် ကဗျာစပ်နေတာလား "

ခိုင်က မဖြေဘဲ ကျွန်တော့်ကို လှည့်ကြည့်သည်။ ခိုင်ကြည့်ပုံမှာ တစ်မျိုးဖြစ်၏။ မျက်နှာထား အသွင်မှာလည်း ဆန်းသည်။

ခိုင့်မျက်နှာလေးက အပြုံးကို မဆောင်၊ ညှိုးရောင်လည်း မပြ၊ တည်လှသည်လည်း မဟုတ်၊ လဲ့လဲ့ပြာသော မျက်လုံးများ၌ မျက်ရည်ဝေ့ဝေ့ လွှမ်းနေသော်လည်း အကြည့်မှာ မကြင်နာ၊ စိမ်းကားလှသည်လည်း မဆိုရဲ။

ခိုင်သည် ကျွန်တော့်ထံမှ မျက်လုံးလွှဲလိုက်ပြီး ရှေ့မှ တောင်ကမူလေးများဆီ ပြန်ငေးလျက် အေးအေးပြောသည်။

"အစကတော့ ကဗျာစပ်မလို့ပဲ။ ဒါပေမယ့် စပ်မရဘူး။ အတွေးတွေက ဝင်ဝင် လာတယ် . . . "

"ဘာအတွေးလဲ ခိုင် . . . "

"ဘာအတွေးတွေဆိုတာ ဘယ်လိုလုပ် ပြောရမလဲ။ စိတ်ဆိုတာ ဟိုရောက်ဒီရောက် မဟုတ်လား . . . "

ကျွန်တော်က အသာအယာ ပြုံးမိသည်။

" ခိုင်ပြောတာ မှန်တယ်။ စိတ်ဆိုတာ ဟိုရောက်သည်ရောက်ပဲ . . .။ မောင့်စိတ်ကတော့ ငယ်ငယ်တုန်းကဆီ ပြန်ရောက်ပြီး လွမ်းမောမိတယ် ခိုင်ရယ် . . . "

ခိုင်သည် ကျွန်တော့်ဘက်လှည့်ကာ ကျွန်တော့်မျက်လုံးများကို စူးစူးစိုက်စိုက် ကြည့်လျက်မေးသည်။

"ငယ်ငယ်တုန်းကဘဝကို မောင် တကယ်ပြန်လွမ်းသလား "

"ဘယ့်နှယ်ပြောလိုက်ပါသလဲ ခိုင်၊ တစ်သက်မှာ ပျော်စရာအကောင်းဆုံး အချိန်တွေဟာ ရှိခဲ့ဖူးတယ် ဆိုရင် အဲဒီ အချိန်တွေဟာ ခိုင်ရယ်၊ မောင်ရယ်၊ ငြိမ်းမောင်ရယ် သုံးယောက်အတူ ကစားခဲ့ကြတဲ့ ကလေးဘဝအခါတွေပါပဲ ခိုင်။ ခိုင့်လိုသာ စာရေးကောင်းရင် မောင် ကဗျာကောင်းကောင်းတစ်ပုဒ်များ စပ်မိမလားမသိဘူး . . . "

ခိုင်သည် ထူးဆန်းစွာ ပြုံးလိုက်ပြီး မှတ်ချက်ချသည်။

" မောင်လည်း စာရေးကောင်းသားပဲ . . . "

" ဘာပြောတယ် ခိုင် . . . "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**မြတ်တံခွန်စာသင်တိုက်**

**သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိ သင်ကြားသော သံဃာတော်များ သီတင်းသုံးနေထိုင်နိုင်ရန်၊ ယောဂီများ တရားအားထုတ်နိုင်ရန် ပေ (၈၀×၅၀)ရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) ဘုရားခန်း | ၇၀ | သိန်း |
| (၂) အာစီကြမ်းခင်း(၁)လွှာ | ၃၇၀ | သိန်း |
| (၃) စတီးဝရန်တာပတ်လည် | ၂၃ | သိန်း |
| (၄) ခန်းမတံခါး | ၁၀ | သိန်း |
| (၅) ရေကန်(၁)ကန် | ၉ | သိန်း |
| (၆) ၁၀ ပေ (၁)ခန်း | ၉ | သိန်း |
| (၇) လှေကား (၁)စင်း | ၅ | သိန်း |
| (၈) တိုင်(၁)လုံး | ၃ | သိန်း |
| (၉) ရေချိုးခန်း | ၃ | သိန်း |
| (၁၀) ကုဋီ (၁)ခန်း | ၃ | သိန်း |
| (၁၁) ပြတင်းတံခါး | ၁ | သိန်း |

မြတ်တံခွန်စာသင်တိုက်

ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃



**လူနေခွင့်ကျပြီး အသင့်တက်နေနိုင်သောအဆင့်မြင့်မြင့်ဆင်ပြီးတိုက်ခန်းများ**

ဗိုလ်တထောင်မြို့နယ်၊ (၅၂)လမ်း၊ အကျယ်အဝန်း ၃၀ပေ × ၆၀ပေ

**တိုက်ခန်းအရောင်း(၃လွှာ/၄လွှာ)** MB- I,BED-2 ၊ မီးဖိုခန်း၊ ထမင်းစားခန်း (ကြွေပြားအပြည့်ခင်း/ကပ်၊ ဧည့်ခန်းနှင့်အိပ်ခန်းများ (ကျွန်းပါကေး) kitchen Cabinet , A/C -၃လုံး ၊ ကိုယ်ပိုင်မီတာ မော်တာ၊ Schindler lift, Generator ၊ (၂၄)နာရီ လုံခြုံရေး၊

**Pent House (River View)** အကျယ်အဝန်း ပေ ၆၀ × ပေ၆၀ MB- I,BED-3 , Maid Room, kitchen Cabinet, ၊ ဧည့်ခန်းနှင့်အိပ်ခန်းများ(ကျွန်းပါကေး)၊ A/C -၃လုံး ၊ ကိုယ်ပိုင်မီတာ/မော်တာ၊ Schindler lift, Generator ၊ (၂၄)နာရီ လုံခြုံရေး၊

**မြေကွက်အရောင်း** တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်း လမ်းမပေါ် Ocean အနီး၊ စတုရန်း ၄၀၀၀ပေ၊ ဘိုးဘွားပိုင်ဂြိုဟ်၊ မီတာ(၄)လုံး (Hotel, Condo ဆောက်လုပ်ရန်သင့်တော်သည်။)

**တော်ဝင်မြန်မာဆောက်လုပ်ရေးအဖွဲ့ (LC-206)**

၀၁-၃၉၂၀၀၁ ၀၁-၃၉၂၅၀၅

၀၉-၅၀၀၂၂၀၃ ၀၉-၄၂၀၇၁၅၃၅၉



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးတက္ကသိုလ်၊ မကွေး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ အောက်ပါ လျှပ်စစ်သုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့် တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လျှပ်စစ်သုံးပစ္စည်းများ

၁။ Microscope (Binocular)
၂။ Waterbath(WB-500E)
၃။ Powerlab Lab Tutor system
၄။ Physitemp vibration II
၅။ Cardiac Monitor
၆။ ECG Machine
၇။ Syringe Pump
၈။ Infusion Pump
၉။ Paediatric CPAP set (Infant nasal CPAP cannular) (size No-0)
၁၀။ Paediatric CPAP set (Infant nasal CPAP cannular)(size No-2)
၁၁။ Humalyzer 3500
၁၂။ Shinmadzu Unibloc Analytical
၁၃။ Microscope (Trinocular)
၁၄။ ELSIA
၁၅။ Air condition(1.5HP/3HP/6.5HP) Split Types
၁၆။ Fire Alarm System
၁၇။ Thermal Cycler
၁၈။ Deep Freezer (-20C°)
၁၉။ Deep Freezer (-40C° to -85C°)

(ခ) ရုံးသုံးစက်ကိရိယာ

၁။ Voltage Regulator(3KVA)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူရန်နေရာ - ဆေးတက္ကသိုလ်၊ မကွေး
(ခ) တင်ဒါလျှောက်လွှာစတင်ရယူရမည့်ရက် - ၂၂-၆-၂၀၁၅ရက်
(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရန်ရက် - ၁၀-၇-၂၀၁၅ရက်၊ မွန်းလွဲ ၁၆း၃၀နာရီ
(ဃ) တင်ဒါလျှောက်လွှာတန်ဖိုး - ၂၀၀၀ကျပ်

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းနိုင်ပါသည်။

ဆေးတက္ကသိုလ်-မကွေး

ဖုန်း-၀၆၃-၂၅၃၂၂



**ဆရာစိုး GENIUS**

**ကိုယ်ပိုင် အထက်တန်းဆင့်ကျောင်း**

၈၊ ၉၊ ၁၀ တန်းများသီးသန့် (ဘော်ဒါနှင့် CAMP)

ဇူလိုင်လ (၇) ရက်နေ့ နောက်ဆုံးထား လက်ခံသည်။

အမှတ်(၂၁)၊ ပင်လုံရိပ်မွန်၊ ၃၉ ကားကြီးဂိတ်ရှေ့၊ ကြီးပွားရေး၊ သယ်န်းကျွန်း၊

ဖုန်း-၀၉-၄၂၁၁၆၅၈၂၆၊ ၀၉-၂၆၂၉၃၄၉၈၇ (ဖယ်ရီရှိသည်)



**ကားရောင်းမည်**

Probox အသစ် ၉၉သိန်း၊ AA-Probox ဒီဇယ် ၉၅ သိန်း၊ AA- ဖင်ကောက် CNG ၁၃၅ သိန်း၊ cc-DYNA 14' CNG 210 သိန်း။ ဖုန်း-၀၉ ၂၆၀၀၉၁၃၁၃



**မြေညီထပ်- တိုက်ခန်းငှားမည်**

စမ်းချောင်း၊ ကျွန်းတောလမ်းအနီး သင့်လျော်သောဈေးဖြင့် ညှိနှိုင်းငှားရမ်းမည်။

ဖုန်း-၀၉ ၂၅၄၄၀၂၆၄၄



**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးခင်မောင်လွင် CDC-28793 ကိုင်ဆောင်သူ၏ BST, EDH လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

**Ph: 09-799682304**



**ရောင်းမည်**

အမှတ်(၅/၂၃၃)၊ မဂ္ဂင်လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီရပ်ကွက်၊ မြေကွက် U ပေ30 ×ပေ50။

**Ph-09-8303970**

# နွားကျောင်းရန်နေရာကန့်သတ်ခြင်းကြောင့် နွားများရှားပါးလာကြောင်း သုံးသပ်ကြ

**မကွေး ဇွန် ၁၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအနီး ဌာနဆိုင်ရာများအသီးသီးရောက်ရှိလာပြီး ယာသိမ်း၊ မြေသိမ်းနှင့် နွားစားကျက်ရှားပါးလာခြင်း၊ နွားစာအတွက် ကြဲရန်မြေယာများမရှိခြင်းနှင့် နွားကျောင်းရန် နယ်မြေကန့်သတ်ခြင်းများကြောင့် နွားများရှားပါးလာကြောင်း ယင်းဒေသခံများက သုံးသပ်ပြောသည်။

နွားကျောင်းရန်နေရာများ၏ စည်းကမ်းသတ်မှတ်ချက်များကြောင့် နွားကျောင်းရန်စားကျက်မြေများရှားပါးလာပြီး နွားစာရှားပါးမှုပြဿနာကို နှစ်စဉ်ကြုံတွေ့ခဲ့ရသဖြင့် ပြီးခဲ့သည့် ၂၀၀၇၊ ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် နွားအုပ်ကြီးများမရှိသလောက် ပျောက်ကွယ်သွားကြောင်း ယင်းဒေသခံများကဆိုသည်။

မကွေးမြို့အရှေ့ဘက်ကျေးရွာများဖြစ်သော နွားကူးသန်းတောကုန်း၊ ဆားတိုင်ကန်၊ မကြီးကန် စသောကျေးရွာများတွင် ယခင်က နွားများအား အုပ်လိုက်မွေးမြူကြပြီး နွားအုပ်တစ်အုပ်ကို အကောင်ရေ ၃၀ မှ ၄၀ အထိရှိကာ တစ်ရွာကို ငါးအုပ်၊ ခြောက်အုပ်ရှိကြောင်းနှင့် နွားကျောင်းစရာ စားကျက်၊ နွားစာအတွက် ကြဲရန်ယာမြေများရှိခဲ့ကြောင်း ယင်းဒေသခံများက ပြောသည်။

"တောင်သူတွေက ခိုင်းနွားတစ်ရှဉ်း၊ တောင်သူကြီးတွေဆို ခိုင်းနွားနှစ်ရှဉ်း အဲဒီလောက်ပဲထားပြီး ကျန်နွားပိုများကို မထားကြတော့ဘူး"ဟု တောင်သူတစ်ဦးကပြောသည်။

"နွားတစ်ရှဉ်းစ၊ နှစ်ရှဉ်းစထားတာကိုပဲ ဒီနှစ်မှာ နွားစာရှားပါးမှုကို အဆိုးရွားဆုံးရင်ဆိုင်နေရပါတယ်။ တောင်သူတွေစုဆောင်းထားသည့် နွားစာကုန်ချိန် မိုးဦးကျမိုးကလည်း မေ ၂၁ ရက်ကရွာသွန်းပြီး အဲဒီနောက်ယနေ့အချိန်အထိ မိုးမရွာပါဘူး။

"မကွေးမြို့ပေါ်မှာ မိုးခဏခဏရွာသွန်းပြီး ရွာတွေဘက်ကို မိုးမကျလို့ နွားစာများကြီးထွားချိန်၊ ရှင်သန်ချိန်မရှိသေးပါဘူး။ အခုလက်ရှိကတော့ ကြက်နဖကျေးရွာမှ မကွေးဧရာဝတီမြစ်လယ်က သောင်ခုံတွေကိုသွားပြီး ကိုင်းမြက်များကိုရိတ်လို့ရတော့ နွားတွေစားနေရပါတယ် ။

"ခုဆို ကိုင်းမြက်နှစ်ထွာဆိုင်ပတ်လည် တစ်ထုံးကို နှစ်ရာကျပ်ပေးရပြီး ခိုင်းနွားတစ်ရှဉ်းကို ကျပ် ၂၀၀၀ ဖိုးမှ လောက်ပါတယ်။ ကိုင်းမြက်ကို သူတို့လာရောင်းမှဝယ်ရပါတယ်။ လာရောင်းရင်လည်း လိုချင်သလောက် မရကြပါဘူး"ဟု နွားမွေးသည့် ဒေသခံတစ်ဦးကပြောသည်။

နွားများရှားပါးလာခြင်းကြောင့် နွားဈေးများမြင့်တက်လာခြင်း၊ ခိုင်းနွားတစ်ကောင်ကို ကျပ် ၈၀၀၀၀၀ ခန့်ရှိခြင်း၊ ယာခင်းရှိပြီး နွားမရှိသည့်တောင်သူများအတွက် အလွန်ဒုက္ခရောက်ကာ တစ်ခါတလေ ယာခင်းများ



အတွင်း ထွန်ရှင်းဝင်ရမည့်အချိန်တွင် နွားရှဉ်းများမအားသဖြင့် အချိန်လွန်၍မမောင်းလိုက်ရခြင်း စသောပြဿနာတွေရှိကြောင်း ယင်းဒေသခံများက ပြောသည်။ **ဓာဓာ(မကွေး)**

# ဓမ္မစကူးလ်ဦးဆောင်ဆရာတော်များ စုံညီအစည်းအဝေး ကျင်းပ

**စစ်ကိုင်း ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဓမ္မစကူးလ်ဦးဆောင် ဆရာတော်များ စုံညီအစည်းအဝေးကို ဇွန် ၁၆ ရက် နံနက်ပိုင်းက မုံရွာမြို့ ရန်ကင်းကျောင်းတွင် ကျင်းပခဲ့သည်။

"ဓမ္မစကူးလ်ဖောင်ဒေးရှင်း တည်ထောင်လာတာ သုံးနှစ်ရှိသွားပါပြီး ဘုန်းကြီးတို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာတော့ ဓမ္မစကူးလ်သင်တန်းတွေဖွင့်လှစ်တာ တစ် နှစ်ခွဲတာကာလပဲရှိသေးတယ်၊ သက်တမ်းနုတယ်ဆိုပေမဲ့ အခြားတိုင်းဒေသကြီးတွေနဲ့စာရင်တော့အခုအချိန်မှာ သင်တန်းကျောင်းဖွင့်လှစ်နိုင်မှု အများဆုံးဖြစ်နေပါပြီ။ ဒီလိုအောင်မြင်စွာဖွင့်လှစ်နိုင်တာကလည်း ဘုန်းကြီးတို့နှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိသူတွေ၊ ဒါယကာတွေ၊ ဒါယိကာမတွေ ပူးပေါင်းပါဝင်လို့ အောင်မြင်တာပါ။ ဓမ္မစကူးလ်သင်တန်းတွေ ရေရှည်တည်တံ့စွာဖွင့်လှစ်နိုင်ဖို့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်"ဟု ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဗဟိုနာယကဆရာတော် ရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဒွိပိဋကဒွိပိဋက ကောဝိဒ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာဝံသက မိန့်ကြားခဲ့သည်။

ယင်းနောက် ဓမ္မစကူးလ်ဖောင်ဒေးရှင်း အတွင်းရေးမှူး(၁) ဆရာတော် ဒေါက်တာအရှင်ဉာဏဝံသမှ ဓမ္မစကူးလ်ဖောင်ဒေးရှင်းနှင့် ပတ်သက်သော အကြောင်းအရာများနှင့် အစည်းအဝေး ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ကလေးမြို့နယ် နေသာကျောင်းတိုက်ဦးစီးပဓာန မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ဦးဆောင်ဆရာတော် ဘဒ္ဒန္တဓမ္မိကမှ ဓမ္မစကူးလ်များ ဖွင့်လှစ်သင်ကြားရခြင်း၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားသည်။

အခမ်းအနားသို့မုံရွာမြို့ရန်ကင်းကျောင်းတိုက် ဦးစီးပဓာန ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဗဟိုနာယကဆရာတော် ဘဒ္ဒန္တပညာဝံသနှင့်ဆရာတော်သံဃာတော်များ၊တိုင်းဒေသကြီအစိုးအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

## သတင်းတို

### လမ်းပြကြယ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတကြွယ်ဝပြီး လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာတွင် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ဒေသခံပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ် ၃၅ သိန်းဖြင့် ဆောက်လုပ်ခဲ့သော လမ်းပြကြယ်စာကြည့်တိုက်ကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။ အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၈ ပေရှိ သွပ်မိုး၊ နံကပ် တစ်ထပ်အမျိုးအစားဖြစ်ပြီး စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ထူးကုမ္ပဏီတို့က စာကြည့်တိုက်ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များနှင့် ရန်ပုံငွေများကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

**ကိုမင်းထက်အောင်[၁၄/ရကန(နိုင်)၁၄၃၇၀၁] ရေကြည်မြို့**

**သိစေရန်ကြေညာချက်**

ကိုမင်းထက်အောင်သည် Super Rocket Trading Co.,Ltd တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ကာလအတွင်း အလွဲသုံးစားပြုလုပ်ခဲ့သော ငွေကြေးများအား ကုမ္ပဏီသို့ အမြန်ဆုံးလာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်ဒါရိုက်တာ

**Super Rocket Trading Co.,Ltd**

**နန်းဦးလှိုင်** မော်လမြိုင်ဘုရားစုံနှင့် ဇင်းကျိုက်ရေတံခွန်

● ဝင်းစိန်တောရဆရာတော်ရုပ်ကလာပ်ပူးနှင့် မော်လမြိုင်တောင်ပေါ်ဘုရားစုံ၊ ကျိုက္ခမီ၊စက်စဲကမ်းခြေ၊ကျိုက်မရော၊ နွားလပို့တောင်၊ ဇင်းကျိုက်ရေတံခွန် (၂)ရက်။ ● ကျုံထော်ရေတံခွန် နှင့် ကျောက်ကလပ်၊ ဘုရင်ညီဂူ၊ ရေပူစမ်း၊ ကော့ဂွန်းဂူ (နေ့ချင်းပြန်) ● ထုံးဘို အကောက်တောင်နှင့် ပြည်ဘုရားစုံပူး၊ ငါးသိုင်းချောင်း နဂါးရစ် (နေ့ချင်းပြန်) ● မဲလံဆံတော်ရှင်နှင့် ဇင်းကျိုက်ရေတံခွန် (နေ့ချင်းပြန်) ● တောင်ကြီး၊အင်းလေး၊မွေတော်ကက္ကူ၊ထမ့်စမ်းဂူ (၄)ရက် (သောကြာနှင့် ရုံးပိတ်ရက်)ထွက်သည်။ ● ချောင်းသာ(နေ့စဉ်) ● ဇလွန်(ရုံးပိတ်ရက်) ကားစီးလုံးငှား လက်ခံသည်။ 01-391577

အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961

အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569

အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

**ဖခင်အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ အထက(၃)နဝမတန်း(F)မှ မထက်နန္ဒာဇင် ၏ ဖခင် ဦးသိန်းဝင်း၏အမည်မှန်မှာ ဦးသိန်းမြင့်[၆/လလန(နိုင်) ၀၆၅၅၈၅]ဖြစ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**ရန်ကုန်နည်းပညာတက္ကသိုလ်**

**သင်/ထောက်ကူစက်ပစ္စည်း၊ ရုံးသုံးစက်ကိရိယာ၊ Technical Books နှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်အတွက် သင်/ထောက်ကူစက်ပစ္စည်း(၁၆၉)မျိုး၊ ရုံးသုံးစက်ကိရိယာ (၂၆)မျိုး၊ Technical Booksနှင့် ရုံးသုံးပရိဘောဂ (၂၂)မျိုး ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၉-၆-၂၀၁၅ရက် ညနေ ၄း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) ဖုန်း-၆၄၂၅၅၉ နှင့် ၆၅၁၇၂၁တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ရန်ကုန်နည်းပညာတက္ကသိုလ်

**အမည်ပြောင်း**

ထားဝယ်မြို့၊ ထိန်သစ်တိုးချဲ့မြို့သစ်ရပ်၊ (၆)လမ်းနေ ဦးမြင့်စိုး-ဒေါ်တင်အေးတို့၏ သားဖြစ်သူ ထားဝယ် အလက(၂) ပဥ္စမတန်း(B)မှ မောင်မင်းဟိန်းထွေးအား မောင်မင်းဟိန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်မင်းဟိန်းခန့်



သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ

**HTET OO MARITIME TRAINING INSTITUTE**

ပင်လယ်ရေကြောင်းသင်္ဘောသားဖြစ်ချင်သူများအတွက် **Whole Package** စနစ်ဖြင့် မျက်စိစစ်၊ ဆေးစစ်ခြင်းများ၊ **BST** နှင့် **Pre-Sea** သင်တန်းများတက်ရောက်ခြင်း၊ **CDC / Passport** လျှောက်ထားခြင်းများကို (၄)လအတွင်း ပြီးမြောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါပြီ။

၁။ **BST (4 Tickets)** - (နေ့လယ်စာ နှင့် **Coffee** ကို အခမဲ့ကျွေးမွေးမည်)

